The Essence

mgyoe.com

# အကောင်းဆုံး စွမ်းဆောင်လိုက်ပါ

အောင်လှိုင်
[illegible]

အကောင်းဆုံးသော စွမ်းဆောင်ခြင်းတွေနဲ့
အကြီးမြတ်ဆုံးသော အောင်မြင်မှုတွေရရှိအောင် ဦးဆောင်တဲ့အခါ
သင့် အလုပ်ခွင်အတွင်း ကိုယ်ပိုင်ယဉ်ကျေးမှုတစ်ခုကို ဖန်တီးတည်ဆောက်ယူခြင်း . . .
သင့် ပတ်ဝန်းကျင်ကို ဥပေက္ခာပြုထားရခြင်း . . . စသည် စသည်

mgyoe.com

mgyoe.com

ကြီးပွားတိုးတက်ခြင်းအတွက်
အားအကောင်းဆုံးသော
ကိုယ်ပိုင်မှုတွေဟာ
လူသားတွေရဲ့ ရွေးချယ်မှုထဲမှာ
တည်ရှိနေပါတယ်။

ဂျော့ဂျ်အီးလီးရော့တ်



AH0136
2,000.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ • ဒေါ်အိဝတ်ရည်ထွန်း၊
DUTY(ဂျူတီ)စာပေ(၀၂၀၇၇)၊
အမှတ်(၄၉၉)၊ ၆-လွှာ(က)၊ ဓမ္မာရုံလမ်း၊
(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ • ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ မိုးကောင်း၊ ရန်ကင်း။

[illegible]

အကောင်းဆုံး စွမ်းဆောင်လိုက်ပါ/ အောင်လှိုင်၊ မြန်မာပြန်-
ရန်ကုန်။
The Essence၊ ပထမအကြိမ်၊ ၂၀၁၉။
စာမျက်နှာ ၁၆၆ မျက်နှာ၊
၁၂.၈ စင်တီ× ၁၉ စင်တီ

mgyoe.com

mgyoe.com

## မာတိကာ


– နိဒါန်း က

အပိုင်း ၁

၁။ ရှင်သန်ကြီးထွားခြင်းဆိုသော အရည်အသွေးတွေ အရန်သင့်ရှိနေသည့် မျိုးစေ့နှင့်တူသော... သင် ၃

၂။ လုပ်ငန်းတာဝန်နှင့် ပတ်သက်ပြီး ပြောင်ကျကျ ပြောဆိုလုပ်ကိုင်ဆောင်ရွက်ပါ ၃၁

၃။ ရှင်းလင်းပြတ်သားသော/ အနှောင်အဖွဲ့ ကင်းသော ဆက်ဆံရေး တည်ဆောက်ခြင်း ၅၆

အပိုင်း ၂

၄။ သင်၏ ရှင်းလင်းထင်ရှားမှု/ ရိုးသားဖြူစင်မှုများ စတင် သက်ဝင်ခြင်း ၈၃


mgyoe.com

mgyoe.com


၅။ စနစ်တကျ ကြီးပွားတိုးတက်ခြင်း ၁၀၆

၆။ ကြီးပွားတိုးတက်မှုအတွက် အခက်အခဲရှိနေသောအခါ ၁၂၃


## အပိုင်း ၃


၇။ ကူညီထောက်ပံ့သူအဖြစ်မှ အကြံဉာဏ်ကောင်း
ပေးနိုင်သူအဖြစ်သို့ ၁၃၇

၈။ အသင်းအဖွဲ့အလိုက် လုပ်ကိုင်
ဆောင်ရွက်ရန် အသင့်ရှိနေစေခြင်း ၁၄၂

၉။ သင်က အနက်အဓိပ္ပာယ်ဖွင့်ဆိုသူ
တစ်ယောက်အဖြစ် ရပ်တည်ပေးပါ ၁၅၄


□

mgyoe.com

mgyoe.com

# နိဒါန်း

*ကြီးပွားတိုးတက်ခြင်းအတွက် အားအကောင်းဆုံးသော ကိုယ်ပိုင်မှုတွေဟာ လူသားတွေရဲ့ ရွေးချယ်မှုထဲမှာ တည်ရှိနေပါတယ်။*

**ဂျော့ဂျ်အီးလီးရော့တ်**

လောကမှာ သင် တွေးထင်ယူဆထားတဲ့အတိုင်း အရာရာကို လွတ်လပ်စွာ စီမံခန့်ခွဲလုပ်ဆောင်ခွင့်တွေ မရရှိနိုင်ပါဘူး၊ သင့်ဘက်က အရာရာတိုင်းကို အလိုအလျောက် မှန်ကန်စွာ စီမံဆောင်ရွက်နိုင်စွမ်းရှိစေဖို့ လိုအပ်သော အရည်အသွေး အရည်အချင်းနဲ့ စွမ်းဆောင်မှုတွေ အစဉ်အမြဲ ကောင်းမွန်နေဖို့ လိုအပ်ပါတယ်။

သင့်ဘဝကြီးပွားတိုးတက်ဖို့၊ သင့်လုပ်ငန်းတွေ အောင်မြင်ပြီး ဘဝတစ်သက်တာ ရည်မှန်းချက်တွေ ပြည့်ဝဖို့အတွက် သင့်လုပ်ငန်းခွင်အတွင်း အကောင်းဆုံးသော စွမ်းဆောင်ခြင်းတွေနဲ့ အကြီးမြတ်ဆုံးသော အောင်မြင်မှုတွေရရှိအောင် လုပ်ဆောင်ပေးဖို့ လိုအပ်ပါတယ်။

အဲဒီလို အောင်မြင်မှုတွေ ရရှိဖို့အတွက် သင်ဟာ သင့်အလုပ်ခွင်အတွင်း ကိုယ်ပိုင်ယဉ်ကျေးမှုတစ်ခုကို ဖန်တီးတည်ဆောက်ပေးဖို့ လို

mgyoe.com

mgyoe.com



အပ်ပြီး အောင်မြင်အောင် ကြိုးစားနေသော ကာလတစ်လျှောက်မှာလည်း သင့်ပတ်ဝန်းကျင်ကို ဥပေက္ခာပြုထားနိုင်ဖို့ လိုအပ်ပါတယ်။

သင့်အလုပ်ခွင်အတွင်း ကိုယ်ပိုင်ယဉ်ကျေးမှုတစ်ခု ကောင်းမွန်စွာ တည်ဆောက်ပြီးသည်နှင့် သင့်ရဲ့ ဦးစီးခေါင်းဆောင်မှု၊ အရေးယူဆောင်ရွက်မှု၊ ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးတည်ဆောက်နိုင်မှုဆိုတဲ့ ဆောင်ရွက်မှုအမျိုးမျိုးကို သင့်ဘက်က အားထုတ်ကြိုးစားနိုင်မှာ ဖြစ်ပါတယ်။

## သက်တူရွယ်တူ အရည်အချင်းတူသူများ၏ အတင်းအကျပ်ခိုင်းစေခြင်းကို ကျွန်ုပ်တို့ခံကြရသည်

ရုံးအဆောက်အအုံရဲ့ ကျွန်ုပ်တို့ ရုံးခန်းရှိရာ အထပ်ကိုရောက်ရှိဖို့ ဓာတ်လှေကားစီးနေတဲ့ အချိန်မှာ... သင်က ဓာတ်လှေကားအတွင်း ဘယ်ဘက်ကို မျက်နှာမူထားပါသလဲ... ဓာတ်လှေကားစီးသူ အများစုကတော့ တံခါးပေါက်ရှိရာဘက်ကိုသာ မျက်နှာမူထားတာ တွေ့ရပါတယ်။ ဒါက ဘာကြောင့်များ ဖြစ်ပါသလဲ...

အလွယ်ကူဆုံးသော အဖြေကတော့ မိမိတို့သွားလိုတဲ့ အထပ်ကို ဓာတ်လှေကားရပ်ပေးတာနဲ့ တံခါးပေါက်က တစ်ဆင့် အလွယ်တကူ အလျင်အမြန် ထွက်နိုင်အောင် တံခါးပေါက်ရှိရာဘက် မျက်နှာမူထားခြင်းသာ ဖြစ်တယ်လို့ ဖြေရပါမယ်။

သင်ဖြစ်စေ ကျွန်ုပ်ဖြစ်စေ အများ သူ ငါတွေ နည်းတူတံခါးပေါက်ရှိရာဘက်ကိုသာ မျက်နှာမူလျက် ဓာတ်လှေကားစီး ဖြစ်ပါလိမ့်မယ်။

ကျွန်ုပ်တို့အနေနဲ့ ကြီးပွားတိုးတက်မှုတွေ မဖြစ်လာသေးခင် ကာလအတောအတွင်း အချို့သော ကိစ္စအတော်များများအား အများသူ

mgyoe.com

mgyoe.com



ငါတွေနည်းတူ လုပ်ဆောင်တတ်ဖို့ လိုအပ်သော်လည်း အချို့သောကိစ္စတွေကိုတော့ ကိုယ်ပိုင်မူ ကိုယ်ပိုင်နည်းလမ်းတွေ အသုံးပြုပြီး လုပ်ဆောင် အားထုတ်ရတတ်ပါတယ်။

ကျွန်ုပ်တို့ ရည်ရွယ်ချက်တွေ အကောင်အထည် မပေါ်သေးခင်... ကျွန်ုပ်တို့ရဲ့ စွမ်းဆောင်ချက်တွေက အရာမထင်သေးခင် ကာလတွေ တစ်လျှောက် ကျွန်ုပ်တို့နဲ့ သက်တူရွယ်တူ အရည်အချင်းတူနဲ့ ရာထူး အဆင့်အတန်းတူသူတွေရဲ့ အတင်းအကျပ်ခိုင်းစေခြင်းတွေကိုတောင် စိတ်ရှည်သည်းခံစိတ်တွေ မွေးမြူပြီး လုပ်ဆောင်ပေးရတတ်ပါတယ်။

## ဩဇာရှိန်ဝါရှိသူတို့၏ အတင်းအကျပ်စေခိုင်းခြင်းကို ကျွန်ုပ်တို့ ခံကြရသည်

ကျွန်ုပ်တို့အား သက်တူရွယ်တူ အရည်အချင်း တူသူတွေက သာမက ကျွန်ုပ်တို့ထက် ရာထူးအဆင့်အတန်း မြင့်မားပြီး ဩဇာရှိန်ဝါ ကြီးတဲ့သူတွေကပါ ခိုင်းစေတတ်ကြပါတယ်။ ကျွန်ုပ်တို့အား ဩဇာ ရှိန်ဝါကြီးသူတွေက ခိုင်းစေတိုင်း သူတို့ဆီက အပြောအဆို အပြုအမူ၊ စီမံခန့်ခွဲမှုပုံစံတွေ၊ ရွေးချယ်ဆုံးဖြတ်မှုတွေ၊ လုပ်ငန်းတစ်ခုလုံးအား ကောင်းမွန်သော စွမ်းဆောင်ရည်တွေနဲ့ ထိရောက်စွာ ဦးဆောင်သွားပုံတွေကို ကျွန်ုပ်တို့က အတုခိုး လေ့လာသင်ယူပြီး ကိုယ်ပိုင် တိုးတက်မှုတွေအတွက် ကြိုးစားစဉ်ကာလတစ်လျှောက် သင်ယူတတ်မြောက်ထားတဲ့ အရာတိုင်းကို လက်တွေ့အသုံးချရမှာ ဖြစ်ပါတယ်။

## ကျွန်ုပ်တို့ရဲ့ မျှော်မှန်းချက်တွေက ကျွန်ုပ်တို့အား စေခိုင်းလေ့ရှိတယ်

ကျွန်ုပ်တို့က မျှော်မှန်းချက်/ မျှော်လင့်ချက်တွေနဲ့ အလုပ်လုပ်တာကို ရည်ညွှန်းပါတယ်။

mgyoe.com

mgyoe.com



သင်က စွမ်းဆောင်မှုတစ်ခုတိုင်းအတွက် အကောင်းဆုံးသော ရလဒ်တွေကို မျှော်မှန်းတယ်ဆိုရင်... သင့်ဘက်က အဘက်ဘက်ကနေ အကောင်းဆုံးတွေ လုပ်နိုင်အောင် ကြိုးစားပေးပါ။

သင့်မျှော်မှန်းချက်တွေက အကောင်းဆုံးဖြစ်နိုင်တဲ့ အခြေအနေတွေကို ပေးလာပြီဆိုရင် သူ့ရဲ့ စေခိုင်းခြင်းကို သင်က ခံယူရမှာဖြစ်ပြီး ပြောင်းလဲသင့်တဲ့ အခြေအနေတွေကို ပြောင်းလဲပစ်ရမှာ ဖြစ်ပါတယ်။

သင် တာဝန်ယူလုပ်ဆောင်ရတဲ့ အသင်းအဖွဲ့မှာ အဖွဲ့ဝင် ငါးဦး (သို့) ရှစ်ဦးအထိ ပါဝင်နေတတ်ပြီး သင့်အဖွဲ့ဝင်တွေက သင် ဘာလုပ်သင့်တယ်။ ဘာမလုပ်သင့်ဘူးဆိုတဲ့ အချက်တွေပြောပြပြီး သင့်အတွက် မျှော်လင့်ချက်ကောင်းတွေ ပေးနိုင်ပါလိမ့်မယ်။

တကယ်တော့ သင့်အတွက် မျှော်လင့်ချက်ကောင်းတွေ ပေးနိုင်တဲ့ အခြေအနေဟာ သင် ပါဝင် တာဝန်ယူဆောင်ရွက်ရတဲ့ အခန်းကဏ္ဍအပေါ်များစွာ မူတည်နေတာ တွေ့ရပါတယ်။ ဒါကြောင့် သင့်ရဲ့ အခန်းကဏ္ဍတွေအတွက် အဘက်ဘက်က လွယ်ကူအဆင်ပြေချောမွေ့စေဖို့ ကိုယ်ပိုင်ယဉ်ကျေးမှု တည်ဆောက်ပေးဖို့ လိုအပ်ပါတယ်။

## ကိုယ်ပိုင်ယဉ်ကျေးမှု တည်ဆောက်နိုင်ခြင်းက ကောင်းသော ရွေးချယ်မှုတွေအတွက် များစွာအထောက်အကူပြုစေပါတယ်

သင့်အလုပ်ခွင်အတွင်း ကိုယ်ပိုင်ယဉ်ကျေးမှု တည်ဆောက်နိုင်ပြီဆိုရင် သင့်အတွက် လုပ်ငန်းအောင်မြင်စေမယ့် နည်းလမ်းကောင်းတွေကို စိတ်တိုင်းကျ ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။

သင့်အလုပ်ခွင်အတွင်း ကိုယ်ပိုင်ယဉ်ကျေးမှု တည်ဆောက်ခြင်းနဲ့ ပတ်သက်ပြီး အောက်ပါအချက်တွေကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။

mgyoe.com

mgyoe.com



၀ အတိတ်ကာလမှာ ရှိခဲ့ဖူးသော ပြဿနာ အဖြစ်အပျက်တွေကို သင်ခန်းစာယူပြီး လက်ရှိကာလ၌ အလားတူပြဿနာတွေ ထပ်မံမပေါ်ပေါက်စေရန် ဘယ်လို ကိုင်တွယ်စီမံရမည်ကို ကြိုတင်စဉ်းစားထားဖို့ လိုအပ်ပါတယ်။

၀ အတိတ်တစ်ချိန်၌ သင့်တွင်ရှိခဲ့သော လက်ခံကျင့်သုံးမှုတွေဟာ အတိတ်ကာလမှာသာ မှန်ကန်မှုတွေရှိနေခဲ့ပြီး လက်ရှိကာလမှာတော့ အများအားဖြင့် မှန်ကန်ပြည့်စုံမှုတွေ မရှိတော့တာကို တွေ့ရှိရပါတယ်။

ဒါကြောင့် သင် လက်ရှိတွေ့ရှိခဲ့သော ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းဖို့ အကောင်းဆုံးသော နည်းလမ်းတွေကို ရှာဖွေပေးပါ။

၀ အချို့သော လူတွေဟာ အဆိုပြုချက်တွေ ဘယ်လောက်ပဲ ကောင်းကောင်း လက်တွေ့ လက်ခံကျင့်သုံးမှုတွေမှာတော့ အားနည်းနေတာ တွေ့ရပါတယ်။

သင်က ကြုံတွေ့ရတဲ့ ပြဿနာအပေါ် အကောင်းဆုံး ဖြေရှင်းမှုတွေ လုပ်နိုင်ခြင်းဟာ လက်တွေ့ကျသော လက်ခံကျင့်သုံးမှု တစ်ခုသာ ဖြစ်ပါတယ်။

၀ လူအများစုက သူတို့ရဲ့ ကိုယ်ပိုင်စွမ်းရည်တွေကို အကောင်းဆုံး ထုတ်ဖော်ပြသသလို... သူတို့ရဲ့ ကိုယ်ပိုင်ယူဆချက်တွေကိုလည်း ထုတ်ဖော်ပြသ အတည်ပြုပြောဆိုတတ်ကြပါတယ်။

သင့်အနေနဲ့ ကိုယ်ပိုင် ယူဆချက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်း ရှိ မရှိ ကိုယ်တိုင်သိရှိထားဖို့ လိုအပ်ပါတယ်။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အပိုင်း ၁

ရိုးစင်းပြီး ရှင်းလင်းထင်ရှားသော ရည်မှန်းချက်တွေနဲ့ စည်းမျဉ်းစည်းကမ်းတွေက ကျွန်ုပ်တို့အတွက် ရှုပ်ထွေးမှုတွေ ဖြစ်စေသော်လည်း စဉ်းစားချင့်ချိန်နိုင်စွမ်း အားကောင်းသော အပြုအမူတွေ မြင့်မားစေတတ်ပါတယ်။

ရှုပ်ထွေးသော စည်းမျဉ်းစည်းကမ်း ဥပဒေသတွေက ကျွန်ုပ်တို့အား ရိုးအပြီး ရူးမိုက်သော အပြုအမူတွေ ဖြစ်ပေါ် စေတတ်ပါတယ်။

ဒီးဟော့ခ် (Dee Hock)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ၁

# ရှင်သန်ကြီးထွားခြင်းဆိုသော အရည်အသွေးတွေ အရန်သင့်ရှိနေသည့် မျိုးစေ့နှင့်တူသော . . . သင်

လူမှုရေးအရ ပြုလုပ်သော မိတ်ဆုံစားပွဲတွေ စီးပွားရေးအရ တွေ့ဆုံခင်မင်ပြီး ပြုလုပ်သော စားပွဲသောက်ပွဲတွေ နေ့လယ်စာ တည်ခင်းဧည့်ခံသော အထိမ်းအမှတ်ပွဲတွေကို သင် တက်ရောက်တဲ့အခါတိုင်း သင်ကြားနေကျ စကားတွေကိုသာ အမြဲတမ်းကြားနေရမှာ ဖြစ်ပါတယ်။

အဲဒီစကားတွေကတော့ "ကျွန်တော့်အလုပ်ထဲမှာ ပြဿနာတွေက အများကြီးပဲ"... "ကျုပ် အလုပ်ထဲမှာ အထက်အရာရှိတွေ တွဲဖက်လုပ်ကိုင်သူတွေ အခြားအဆင့်ဝန်ထမ်းတွေနဲ့ ကျုပ် အဆင်မပြေတာတွေ အများကြီးပဲ"

"ကျွန်မကတော့ ရောင်းရေးဝယ်တာကိစ္စတွေမှာ ဖောက်သည်တွေနဲ့ ဆက်ဆံရတာ အဆင်မပြေဘူးလေ"

"ကျွန်တော့် အလုပ်ခွင်ကတော့ ကြောက်ခမန်းလိလိ ဆိုးရွားတယ်ဗျာ"

အထက်ပါအခြေအနေဆိုးတွေနဲ့ ရင်မဆိုင်ရအောင် သင့်ဘက်က အကောင်းဆုံး လုပ်ဆောင်နိုင်မယ့် အချက်တွေ ရှိနေပါတယ်။

အဲဒါတွေကတော့ သင့်အသင်းအဖွဲ့အား အကောင်းဆုံး မွမ်းမံ

mgyoe.com

mgyoe.com



ပြင်ဆင်ပေးပါ။ သင့်အလုပ်ခွင်အတွင်း သင့်ကိုယ်ပိုင်ယဉ်ကျေးမှုတစ်ခုကို ဆန်းသစ်တီထွင်ပေးပါ။ ထို့နောက် အထိရောက်ဆုံး အကောင်းဆုံးသော စွမ်းဆောင်ချက်တွေနဲ့ သင့်ရဲ့ ဩဇာရှိန်ဝါ ကြီးမားကျယ်ပြန့်အောင် လုပ်ဆောင်ပေးပါ။

ထို့နောက် မန်နေဂျာဖြစ်သူက ဘယ်အလုပ်တွေ လုပ်ရမယ်။ လုပ်ငန်းအသင်းအဖွဲ့ တစ်ခုစီအလိုက် ခေါင်းဆောင်တွေက ဘာတွေလုပ်ရမယ်။ ဘယ်လို ထိရောက်မှုရှိသော အရည်အသွေး အရည်အချင်းတွေ ရှိဖို့ လိုအပ်တယ်ဆိုတာကို သေချာစွာ ခွဲခြားနားလည်ထားဖို့ လိုပါတယ်။

သင်ဟာ ရှင်သန်ကြီးထွားခြင်းဆိုသော အရည်အသွေးတွေ အရန်သင့်ရှိနေသည့် မျိုးစေ့နဲ့တူသော သူတစ်ယောက် ဖြစ်ပါတယ်။ မျိုးစေ့ကောင်းလျှင် ကောင်းသလို အပင်ရှင်သန်နိုင်တဲ့ အလားအလာကောင်းတွေ ရှိနေတာကြောင့် သင်က အရည်အသွေးကောင်းတွေ ပိုင်ဆိုင်ထားနိုင်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။

သင့်အလုပ်ခွင်အတွင်းက မန်နေဂျာတစ်ယောက်က ဘယ်အလုပ်တွေကို တာဝန်ယူတယ်။ ခေါင်းဆောင်လုပ်သူတွေက ဘာတာဝန်တွေ ယူတယ်။ ကူညီပံ့ပိုးသူတွေက ဘာတွေ လုပ်ပေးတယ်ဆိုတာကို သေချာစွာ လေ့လာပေးရမှာ ဖြစ်ပါတယ်။

အတိတ်တစ်ချိန်က လုပ်ငန်းခွင်တွေနဲ့ ယနေ့ ခေတ်မီတိုးတက်သော ကာလရဲ့ လုပ်ငန်းခွင်အခြေအနေတွေက များစွာကွာခြားနေခဲ့တာ တွေ့ရပါတယ်။

ယနေ့ကာလမှာ အင်တာနက်နည်းပညာတွေ တိုးတက်လာတာကြောင့် သတင်းအချက်အလက်တွေကို အလွယ်တကူ ရရှိနိုင်ပြီဖြစ်ပါတယ်။

ခေတ်မီတိုးတက်ပြီး နည်းပညာဖွံ့ဖြိုးသောကာလမှာ... အရေးပါ

mgyoe.com

mgyoe.com


သော မှတ်တမ်းဓာတ်ပုံတွေ အီးမေးလ်တွေ၊ ဖက်စ်တွေကို အချိန်တို အတွင်း လိုရာရောက်အောင် ပေးပို့နိုင်ပြီး အရေးကြီးသော လုပ်ငန်း တာဝန်တွေကိုလည်း လွယ်ကူလျင်မြန်စွာ ပြီးပြတ်အောင် ဆောင်ရွက် နိုင်မှာ ဖြစ်ပါတယ်။

ခေတ်မီသော ကွန်ပျူတာနည်းပညာတွေ မြင့်မားတိုးတက်လာ သောအချိန်မှာ မိုဘိုင်းဖုန်း ဆက်သွယ်ရေးစနစ်တွေကလည်း အရှိန်ရ အားကောင်းလာခဲ့ပါတယ်။

ထိုသို့ တိုးတက်သော အခြေအနေတွေကို အကျိုးရှိရှိ လက်တွေ့ အသုံးချပြီး ကျွန်ုပ်တို့ လုပ်ငန်းတိုးတက် အောင်မြင်ရေးတွေအတွက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အတိတ်တစ်ချိန်က အဘက်ဘက်ကနေ အားနည်းချက်တွေ လိုအပ်ချက်တွေ ရှိနေခဲ့တာကြောင့် လုပ်ငန်းတာဝန်တွေကို နှောင့်နှေး ကြန့်ကြာစွာ ဆောင်ရွက်ခဲ့ရသော်လည်း ယနေ့ကာလမှာတော့ ပြောင်းလဲ ခြင်းတွေကို ကျွန်ုပ်တို့ ကိုယ်တိုင်စိတ်တိုင်းကျ လုပ်ဆောင်နိုင်ခဲ့ပြီ ဖြစ် ပါတယ်။

ကျွန်ုပ်တို့ရဲ့ ကံကြမ္မာတွေကို ကျွန်ုပ်တို့ ကိုယ်တိုင်ထိန်းချုပ်နိုင် စွမ်းတွေ ရှိနေခဲ့တာကြောင့် တစ်ခါတစ်ရံ ဘဝတစ်သက်တာအတွင်း အသက်မွေးကျောင်း အလုပ်အကိုင် ခုနစ်ကြိမ်မှ ၁၀ ကြိမ်အထိ အပြောင်း အလဲတွေ လုပ်တတ်ကြပါတယ်။

## လုပ်ငန်းစဉ်အဆင့်ဆင့်အား ဆက်သွယ်ရေးကွန်ရက်များဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

ယခင်က နည်းပညာအားနည်းချက်တွေ ရှိခဲ့ခြင်းကြောင့် သင် ဟာ လုပ်ငန်းခွင်အတွင်း ရှိရင်းစွဲယဉ်ကျေးမှု နောက်ကနေ လိုက်ပါ

mgyoe.com

mgyoe.com


ဆောင်ရွက်ရလေ့ရှိပါတယ်။

ခေတ်မီတိုးတက်သော အခြေအနေအရ နည်းပညာတွေ ဖွံ့ဖြိုးလာခြင်းကြောင့် သင်ဟာ ယခင်ကလို ရှိရင်းစွဲယဉ်ကျေးမှု နောက်ကနေ လိုက်ပါစရာ မလိုအပ်တော့ဘဲ ကိုယ်ပိုင်ယဉ်ကျေးမှုကို တည်ထောင်နိုင်သူအဖြစ် ရပ်တည်ပြီး သင့်လုပ်ငန်းခွင်ရဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို အကောင်းဆုံးတွေနဲ့ အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

နည်းပညာတိုးတက်သောခေတ်မှာ လုပ်ငန်းတာဝန်ထမ်းဆောင်သော သင့်အနေနဲ့ လုပ်ငန်းစဉ် အဆင့်ဆင့်အား ဆက်သွယ်ရေးကွန်ရက်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။ သတင်းနှင့် နည်းပညာ မဖွံ့ဖြိုးသေးသော ကာလတွေတစ်လျှောက် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွေဟာ ထုတ်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်မှု ဖောက်သည်တွေအတွက် ဝန်ဆောင်မှုကောင်းတွေပေးနိုင်မှု မိမိတို့ ထုတ်ကုန်ပစ္စည်းအား ဈေးကွက်အတွင်း ထိုးဖောက်နိုင်မှုနဲ့ သင့်တင့်သော နှုန်းထားတွေနဲ့ ရောင်းချနိုင်မှုတွေအတွက် အစည်းအဝေးတွေ အကြိမ်ကြိမ်ကျင်းပပြီး အသေးစိတ်ဆွေးနွေးညှိနှိုင်းမှုတွေ၊ ရွေးချယ်ဆုံးဖြတ်ခြင်းတွေ လုပ်ခဲ့ကြရပါတယ်။ ဒီအခါ မိမိတို့ လုပ်ငန်းကဏ္ဍအလိုက် ခွဲခြားတာဝန်ယူရတဲ့ ခေါင်းဆောင်တွေနဲ့ ကျွမ်းကျင် ဝန်ထမ်း/ပညာရှင်တွေဟာ... လုပ်ငန်းကဏ္ဍတစ်ခုနဲ့တစ်ခု အနီးကပ် ချိတ်ဆက်ပြီး အမှားအယွင်းမရှိရအောင် တာဝန်ယူဆောင်ရွက်ခဲ့ကြရပါတယ်။

ဒီအခါ လုပ်ငန်းဌာနအလိုက် ခေါင်းဆောင်တွေ မန်နေဂျာတွေကလည်း ထုတ်ကုန်လုပ်ငန်းအဆင့်များစွာရှိတဲ့အနက် လုပ်ငန်းပမာဏတွေကို သင့်လျော်သော အချိုးအစားအလိုက် ခွဲဝေဆောင်ရွက်ကြရပါတယ်။

mgyoe.com


mgyoe.com



**Fig. 1.1** မှာ ဖော်ပြထားသောပုံအရ... လုပ်ငန်းစဉ်တစ်ခုလုံးရဲ့ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍ အချိုးအစားအလိုက် ဝန်ထမ်း/ အလုပ်သမား/ တာဝန်ခံ/ အရာရှိအဆင့်ဆင့်က သတ်မှတ်ထားသော လုပ်ငန်းအဆင့် (ပုံတွင် ပြထားသော မြားပုံတွေအလိုက်) ပြီးပြတ်အောင် အဆင့်ဆင့်လုပ်ဆောင်ပုံကို ဖော်ပြထားပါတယ်။

ပုံတွင်ပြထားသော Dot "." တစ်ခုစီက အလုပ်သမား/ ဝန်ထမ်း/ အရာရှိတာဝန်ခံတွေကို ကိုယ်စားပြုနေပါတယ်။

သတင်းအချက်အလက်နှင့် နည်းပညာ မဖွံ့ဖြိုးသေးခင်က
အလုပ်ခွင်အတွင်း လုပ်ငန်းအဆင့်ဆင့် ပြီးပြတ်အောင် ဆောင်ရွက်ပုံ
**(နည်းပညာမတိုးတက်ခင် ကာလအတွင်း လုပ်ငန်းခွင်၌ ရိုးစင်းသော ဆောင်ရွက်ပုံ)**



သတင်းနှင့် နည်းပညာတိုးတက်ဖွံ့ဖြိုးသော ယနေ့ကာလမှာတော့ အရာရာဟာ ကျွန်ုပ်တို့ စိတ်ကူးယဉ်အိပ်မက်တာတွေထက် ပိုပြီး ဆန်းကြယ်စွာ ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါတယ်။ ကုမ္ပဏီတွေအနေနဲ့ မိမိတို့ ထုတ်ကုန်ပစ္စည်းတွေကို ဈေးကွက်အတွင်း အချိန်ကြာရှည်စွာဖြင့် ဖြန့်ဖြူးနေစရာ မလိုတော့ဘဲ ဆက်သွယ်ရေး ကွန်ရက်တွေနဲ့သာ ချိတ်ဆက်ပြီး ကုန်ပစ္စည်းတွေကို ဖြန့်ဖြူးရောင်းချနိုင်ပြီ ဖြစ်ပါတယ်။

ကုမ္ပဏီတွေဘက်က ယနေ့ကာလမှာ အထူးသတိပြု အာရုံစိုက်ဆောင်ရွက်တဲ့ ကိစ္စကတော့ ထုတ်ကုန်ပစ္စည်း အရည်အသွေးကောင်းမွန်

mgyoe.com

mgyoe.com



အောင် ထိန်းချုပ်နိုင်ခြင်း နည်းပညာမြင့်မားမှုအတွက် အလေးပေး ဆောင်ရွက်ခြင်း ထုတ်ကုန်ပစ္စည်းအား အချိန်တိုအတွင်း လိုအပ်သလောက် ချိန်ဆ ကန့်သတ်ထုတ်လုပ်နိုင်ရေးနဲ့ ဈေးကွက်အတွင်း ကုန်ပစ္စည်း ဖြန့်ဖြူးမှုစနစ်များ ပိုမိုလွယ်ကူချောမွေ့အောင် နည်းပညာ အကူအညီရယူ ဆောင်ရွက်ရေးကို အလေးထားခြင်း – ပစ္စည်းဖြန့်ဖြူးမည့် ဒေသတစ်ခုချင်းအလိုက် ပတ်သက်နေသော ရောဂါဘယ ဖြစ်ပွားမှုစာရင်း ဖွားသေစာရင်းနှင့် မိမိတို့ ဖြန့်ဖြူးရောင်းချမည့်ပစ္စည်းအပေါ် ဝယ်လိုအား ဘယ်လောက်ရှိသည်ကို လေ့လာချိန်ဆခြင်း ဈေးကွက် ထိုးဖောက်ခြင်း အရောင်းမြှင့်တင်ခြင်း ဖြန့်ဖြူးခြင်း ဖောက်သည်တို့ အပေါ် ဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်သောပြဿနာများ ကြုံတွေ့ပါကလည်း ထိရောက်သော နည်းပညာများဖြင့် ဖြေရှင်းရေးကို ဦးစားပေးခြင်းတွေပဲ ဖြစ်ပါတယ်။

ယနေ့ ခေတ်မီတိုးတက်သောကာလမှာ နည်းပညာတွေချည်း တိုးတက်လာတာမဟုတ်ဘဲ ဦးနှောက် အသိဉာဏ်နဲ့ စဉ်းစားတွေးခေါ်ချင့်ချိန်နိုင်စွမ်းတွေပါ တိုးတက်လာတာ တွေ့ရပါတယ်။

မန်နေဂျာတွေနဲ့ ဝန်ထမ်းတွေဟာ လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်ကြုံတွေ့ရသော ပြဿနာအခက်အခဲတွေကို မျှဝေဖြေရှင်းရတတ်ပါတယ်။

နောက်ပြီး လုပ်ငန်းတွေအစဉ်သဖြင့် အဆင်ပြေချောမွေ့စေဖို့ လူတန်းစားအလွှာ အသီးသီးနှင့်လည်း ဆက်ဆံပတ်သက်ရတတ်ပါတယ်။

စီမံခန့်ခွဲရေးဆိုင်ရာအရာရှိတွေနဲ့ သက်ဆိုင်ရာဌာန ခေါင်းဆောင်ပိုင်းတွေဟာ အမျိုးမျိုးသော ပြဿနာတွေနဲ့ မကြာခဏ ရင်ဆိုင်ကြုံတွေ့ဖြေရှင်းရတတ်ပါတယ်။ ယနေ့ တိုးတက်မှုတွေ အဘက်ဘက်က ပြည့်စုံနေသောကာလမှာ နည်းပညာနဲ့ သတင်းအချက်အလက်တွေကို ဘက်


mgyoe.com

mgyoe.com


ပေါင်းစုံမှ ရရှိလေ့ရှိပါတယ်။

ယနေ့ကာလမှာ ကျွန်ုပ်တို့ဘက်က ပြောင်းလဲခြင်းတွေ လုပ်သည် ဖြစ်စေ မလုပ်သည် ဖြစ်စေ နည်းပညာတွေရဲ့ တိုးတက်ပြောင်းလဲခြင်းတွေကြောင့် ကျွန်ုပ်တို့ လုပ်ဆောင်နေတဲ့ လုပ်ငန်းတွေမှာလည်း အလိုက်သင့်ပြောင်းလဲမှုတွေ လုပ်ဆောင်ရတော့မှာ ဖြစ်ပါတယ်။

**Fig: 1.2** **မှာ** ဖော်ပြထားသော ပုံစံဟာ **Fig: 1.1** တွင် ဖော်ပြထားသော ရိုးစင်းသော **ပုံစံထက် ပိုမို ရှုပ်ထွေးသော ပုံစံဖြစ်တာကို တွေ့ရှိရပါတယ်။**



**နည်းပညာတိုးတက်သော ယနေ့ခေတ်ကာလအတွင်း လုပ်ငန်းခွင်အတွင်း၌ လုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်နိုင်ပုံကို ပြသပုံ**

**လုပ်ငန်းဆောင်ရွက်ပုံ စနစ်များ တစ်ခုနှင့်တစ်ခု ပေါင်းဆုံနေပုံ/**

**ဆက်သွယ်ရေးကွန်ရက်များ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ပုံ**

mgyoe.com

mgyoe.com


Fig: 1.2မှာ ဖော်ပြချက်အရ ခေတ်မီတိုးတက်သော နည်းပညာနဲ့ သတင်းအချက်အလက်တွေကို အကျိုးရှိရှိ အသုံးချနိုင်ပုံကို တွေ့ရမှာ ဖြစ်ပါတယ်။

Fig: 1.2 တွင် ပါသော dot "." (အစက်) တွေဟာ ဝန်ထမ်း အထက်အရာရှိတာဝန်ခံ ခေါင်းဆောင်တွေကို ကိုယ်စားပြုထားပြီး မြားဦး နှစ်ဖက်ပါ မျဉ်းကြောင်းတွေက သက်ဆိုင်ရာ ဌာန/ လုပ်ငန်း ကဏ္ဍ အလိုက် တာဝန်ယူဆောင်ရွက်ရမယ့်သူတွေနဲ့ ချိတ်ဆက် ဆောင်ရွက် နေပုံ၊ အပြန်အလှန် လုပ်ငန်းသဘောအရ ဆက်စပ်ပတ်သက် နေပုံတွေကို ကိုယ်စားပြုဖော်ပြထားတာ တွေ့ရပါတယ်။

ဖော်ပြပါ Fig: 1.2အရ နည်းပညာတိုးတက်သော ခေတ်ကာလ အတွင်း လုပ်ငန်းခွင်တိုင်းဟာ လုပ်ငန်းဆောင်ရွက်ပုံ ရှုပ်ထွေးသလို ရှိသော်လည်း ထိုသို့ ရှုပ်ထွေးသော ပုံစံကြောင့် လုပ်ငန်းတွေကို အချိန်တို အတွင်း လျင်မြန်စွာ ပြီးပြတ်အောင် ဆောင်ရွက်နိုင်တယ်ဆိုတာကို သိသာ စွာ ဖော်ပြနေတာ တွေ့ရပါတယ်။

ရှုပ်ထွေးသော လုပ်ငန်းဆောင်ရွက်ပုံကြောင့် မန်နေဂျာတွေ ဌာန အလိုက် အသင်းအဖွဲ့အလိုက် ခေါင်းဆောင်တွေက သူတို့ရဲ့ လက် အောက်ဝန်ထမ်းတွေနဲ့ တာဝန်ခံအဆင့်ဆင့်ကို အရင်ကထက် ထိရောက် စွာ အကူအညီပေးနိုင်တာ တွေ့ရပါတယ်။

ကျွန်ုပ်တို့ အများစုအနေနဲ့ ကျွန်ုပ်တို့ရဲ့ အလုပ်ရှင်တွေက သူတို့ရဲ့ ပတ်ဝန်းကျင်မှာရှိသော ကျွန်ုပ်တို့အပါအဝင် အခြားသော လူတွေ အတွက် လိုအပ်သော အကူအညီတွေ အထောက်အပံ့တွေ ပေးနိုင်မှာ ပဲလို့ တွေးထင်ခဲ့ကြပါတယ်။

ခေတ်မီတိုးတက်သော ကာလမှာ ကျွန်ုပ်တို့က အထက်အရာရှိ အဆင့်ဆင့်ရဲ့ အကူအညီကို စောင့်ဆိုင်းနေခြင်းထက် မိမိတို့ဘာသာ

mgyoe.com

mgyoe.com



နည်းပညာ အကူအညီတွေကို လက်တွေ့အသုံးချနိုင်ခြင်းက ပိုပြီး အကျိုးရှိမှာကို လက်ခံထားဖို့ လိုအပ်ပါတယ်။

တိုးတက်သောကာလတစ်လျှောက် လုပ်ငန်းဆောင်ရွက်မှုတွေ အဆင်ပြေချောမွေ့စေဖို့ စီမံခန့်ခွဲမှုနဲ့ ခေါင်းဆောင်ခြင်းတွေအကြား သီးခြားစီ ပီပြင်စွာ ဆောင်ရွက်နိုင်အောင် ကြိုးစားဖို့ လိုအပ်ပါတယ်။

သင့် လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်မှုတွေမှာ လွယ်ကူအဆင်ပြေမှုရှိစေဖို့ လုပ်ငန်းကဏ္ဍအလိုက် တာဝန်ရှိသူ ခေါင်းဆောင်မန်နေဂျာတွေက လုပ်ငန်းခွင်အတွင်း ကိုယ်ပိုင်ယဉ်ကျေးမှုတွေ တည်ဆောက်ပေးနိုင်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။

ယနေ့ကာလမှာ လုပ်ငန်းအဖွဲ့အစည်း/ကုမ္ပဏီတွေရဲ့ အမှုဆောင်အရာရှိ အချို့ဟာ လုပ်ငန်းခွင်အတွင်း ကြုံတွေ့ရတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ ပြောင်းလဲခြင်းတွေ လုပ်ပေးသင့်တဲ့ သဘောကို လက်မခံနိုင်သေးတာ တွေ့ရပါတယ်။

အတိတ်တစ်ချိန်က ကြုံတွေ့ခဲ့ရတဲ့ ပြဿနာတွေကို ထိုခေတ်ကာလရဲ့ နည်းလမ်းတွေနဲ့ ဖြေရှင်းခဲ့ခြင်းသာဖြစ်ပြီး ယနေ့ကာလမှာတော့ လိုအပ်သလို ပြောင်းလဲမှုတွေနဲ့ ကြုံတွေ့ရတတ်သော ပြဿနာတွေကို ဖြေရှင်းနိုင်အောင် ကြိုတင်ပြင်ဆင်ထားသင့်ပြီ ဖြစ်ပါတယ်။

လုပ်ငန်းအဖွဲ့အစည်းရဲ့ ဌာနအသီးသီးအလိုက် တာဝန်ယူခေါင်းဆောင်တဲ့ အမှုဆောင်အသီးသီးဟာ လက်ရှိကာလ ပြောင်းလဲလာတဲ့ လုပ်ငန်းသဘာဝတွေ အရင်ကတစ်ခါမှ မကြုံတွေ့ဖူးသော စိန်ခေါ်မှုတွေ၊ ဖြေရှင်းရမယ့်ပြဿနာတွေကို နားလည်အသိအမှတ်ပြုပြီး လက်အောက် ဝန်ထမ်းတွေ ကြုံတွေ့ခဲ့ရသော ကံမကောင်းမှုများ မျှော်လင့်ချက်မဲ့လောက်သော အခြေအနေအထိ ရောက်ရှိနေသော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ယိမ်းယိုင်မှုများအပေါ် အကောင်းဆုံးစီမံ

mgyoe.com

mgyoe.com


ခန့်ခွဲမှုတွေနဲ့ ပြန်လည်တည့်မတ်ပေးဖို့ လိုပါတယ်။

အကောင်းဆုံးစီမံခန့်ခွဲမှုတွေနဲ့ ပြန်လည်တည့်မတ်ပေးဖို့ဆိုရာမှာ ခေါင်းဆောင်ပိုင်းတွေက ပြောင်းလဲသင့်တဲ့ အရာတွေကို သေချာစွာ ပြောင်းလဲရကောင်းမှန်း သိဖို့လိုအပ်ပါတယ်။

အထူးသတိပြုသင့်သော အချက်ကတော့ ပန်းသီးပုပ်တစ်လုံးကြောင့် ပန်းသီးတစ်တောင်းလုံး ပုပ်သိုးခြင်း မရှိစေရအောင် တာဝန်ရှိသူ ခေါင်းဆောင်တစ်ဦးချင်းက ကိုယ့်ကိုယ်ကိုယ် ပန်းသီးပုပ်အဖြစ်မခံဘဲ မှန်ကန်စွာ ရပ်တည် ဦးဆောင်မှုပေးနိုင်ဖို့ လိုအပ်ပါတယ်။

ပန်းသီးပုပ်နဲ့တူသော ခေါင်းဆောင်ကြောင့် လက်အောက်ဝန်ထမ်းတွေ အားလုံးရဲ့ အကျိုးစီးပွားသာမက ကုမ္ပဏီကြီးတစ်ခုလုံးရဲ့ အကျိုးစီးပွားတွေကိုပါ ပြင်းထန်စွာ ထိခိုက်စေမှာဖြစ်တာကို သတိပြုပါ။

အဖွဲ့အစည်းအလိုက် လုပ်ကိုင်ဆောင်ရွက်ရသော လုပ်ငန်းတွေမှာ တစ်ဦးတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ အမှားအယွင်းတွေကြောင့် အသင်းအဖွဲ့တစ်ခုလုံးရဲ့ အကျိုးစီးပွားတွေ ထိခိုက်တတ်သလို... တစ်ဦးတစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေတွေနဲ့ စိတ်ခံစားမှုတွေ မကောင်းခြင်းကြောင့်လည်း လုပ်ငန်းအဖွဲ့အစည်းတစ်ရပ်လုံးကို အကျိုးစီးပွားထိခိုက်ပျက်စီးစေတတ်ပါတယ်။

ဒါကြောင့် အကောင်းဆုံးသော စွမ်းဆောင်ချက်တွေနဲ့ အကြီးမြတ်ဆုံးသော အောင်မြင်မှုတွေ ရယူချင်တယ်ဆိုရင် စီမံခန့်ခွဲခြင်း ကိစ္စတွေမှာသာမက ခေါင်းဆောင်ခြင်း ကိစ္စတွေမှာပါ ရွေးချယ်ဆုံးဖြတ်မှုတွေ မှန်ကန်နေဖို့ လိုပါတယ်။

သင်က လုပ်ငန်းခွင်အတွင်းက လူအများစုအား ပြောင်းလဲမှုတွေ ဖန်တီးပေးနိုင်သော အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့ စည်းရုံးလှုံ့ဆော်တိုက်တွန်းမှုတွေ လုပ်ပေးနိုင်တယ်ဆိုရင် အဲဒီစွမ်းဆောင်

mgyoe.com

mgyoe.com



ရည်ရှိတဲ့သူတွေကို ကောင်းမွန်သော စွမ်းဆောင်ရည်နှင့် ပြည့်စုံသော ခေါင်းဆောင်ကောင်းတွေအဖြစ် သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍတိုင်းမှာ စွမ်းဆောင်ရည်ပြည့်ဝသော ခေါင်းဆောင်တွေကို လိုအပ်သလို တာဝန်ချထားပေးနိုင်မယ်ဆိုရင် အဲဒီခေါင်းဆောင်ကောင်းတွေနဲ့ တိကျမှန်ကန်သော စီမံခန့်ခွဲမှုတွေကြောင့် လုပ်ငန်းတိုးတက်အောင်မြင်မှုတွေ ဆင့်ကဲ ရရှိမှာ ဖြစ်ပါတယ်။

## အမ်မာ၏ ဇာတ်လမ်း

လုပ်ငန်းခွင်အတွင်း ကိုယ်ပိုင်ယဉ်ကျေးမှု တည်ဆောက်သူတွေ... လုပ်ငန်းတာဝန်တွေကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်သော ခေါင်းဆောင်တွေရဲ့လက်အောက်မှာ အလုပ်လုပ်ရတဲ့ ကျွန်တော်ဟာ ကံကောင်းမှုတွေကို ရရှိပိုင်ဆိုင်ထားသလို ခံစားခဲ့ရသူဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ စီမံခန့်ခွဲမှုအားကောင်းသော ခေါင်းဆောင်ကောင်းတွေရဲ့ စွမ်းဆောင်ရည်တွေနဲ့ လုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုတွေကို ကောင်းစွာလေ့လာနိုင်တဲ့ အခွင့်အရေးရှိခဲ့ပါတယ်။

ကျွန်တော် အမြဲတမ်း လေးစားအားကျရတဲ့သူတွေ အများကြီးထဲကမှ ကျွန်တော် လေးစားအားကျမှုအဖြစ်ဆုံးသော 'သူမ' အကြောင်းကို ကောက်နုတ်တင်ပြပေးလိုပါတယ်။ သူမဟာ စွမ်းဆောင်ရည်ကောင်းတွေကို အသုံးချပြီး သူမရဲ့ ပတ်ဝန်းကျင်က လူတွေအားလုံးကို တိုးတက်အောင်မြင်ချင်တဲ့ စိတ်ရှိလာအောင် အားပေးတိုက်တွန်းနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ကျွန်တော် ပြောပြလိုတဲ့ 'သူမ' အကြောင်းဆိုတာကတော့ 'အမ်မာ' ဆိုသူ အမျိုးသမီးတစ်ယောက်ရဲ့ အကြောင်းပဲ ဖြစ်ပါတယ်။

'အမ်မာ' ဟာ အချိန်ကာလ အတော်ကြာကြာအထိ ဘာဆိုဘာမျှလုပ်ကိုင်ခြင်းမရှိဘဲ အားလပ်နေသူတစ်ယောက်ဖြစ်ခဲ့ပါတယ်။

mgyoe.com

mgyoe.com



သူမဟာ အသက်အရွယ်ငယ်လွန်း နုပျိုလွန်းချိန်အတွင်း ကုမ္ပဏီတစ်ခုမှာ ကျွမ်းကျင်ဝန်ထမ်းတစ်ယောက်အဖြစ် အလုပ်စတင် ဝင်လုပ်ခဲ့သူ ဖြစ်ပါတယ်။

ကုမ္ပဏီတည်ထောင်ခါစမှာ သူမရဲ့ လုပ်ငန်းတွေက ထူးထူးခြားခြား အောင်မြင်မှုတွေ မရှိသေးသော်လည်း ကုမ္ပဏီအင်အား ကြီးထွားလာချိန်မှာတော့ သူမရဲ့ ဩဇာရှိန်ဝါတွေကိုပါ သိသိသာသာ အကျိုးသက်ရောက်တာ တွေ့ရှိရပါတယ်။

ကျွန်တော်ဟာ အရင်က အမ်မာအတွက် အလုပ်တွေ အများကြီး လုပ်ပေးခဲ့ဖူးပါတယ်။ အကြောင်းကတော့ သူမ ဦးစီးခေါင်းဆောင်တဲ့ ကုမ္ပဏီမှာပဲ ကျွန်တော် အလုပ် စတင်ဝင်ခဲ့လို့ပါ 'အမ်မာ' ဟာ သာမန်စွမ်းဆောင်ရည်ရှိသော သူတွေကို သူမရဲ့ ဩဇာရှိန်ဝါတိုက်ရိုက် သက်ရောက်စေခဲ့သော်လည်း စွမ်းဆောင်ရည် မြင့်မားသော သူတွေအပေါ်မှာတော့ လေးစားအသိအမှတ်ပြုခြင်း အားကိုးအားထားပြုခြင်း ယုံကြည်ခြင်းတွေ ထားရှိနိုင်သူတစ်ယောက် ဖြစ်ပါတယ်။

ကျွန်တော်ဟာလည်း ကျွမ်းကျင်ဝန်ထမ်းတစ်ယောက်အဖြစ်နဲ့ 'အက်ဒ်ဝပ်မူဇီယို' (Edward Muzio) ကုမ္ပဏီမှာ အလုပ် စတင်ဝင်ရောက်ခဲ့ပါတယ်။ အဲဒီကုမ္ပဏီဟာ 'အမ်မာ' အခါက ဦးဆောင်နေသော ကုမ္ပဏီဖြစ်တာကြောင့် သူမ လက်အောက်မှာ လုပ်ကိုင်ရင်း ကျွန်တော့်အတွက် အတွေ့အကြုံ ဗဟုသုတပညာရပ်တွေ များစွာ ရရှိအောင် လေ့လာသင်ယူခွင့်ရရှိခဲ့ပါတယ်။

ထိုကာလတွေတစ်လျှောက် ကုန်ပစ္စည်းထုတ်လုပ်သော လုပ်ငန်းအဖွဲ့အစည်းကြီး နှစ်ခုအကြား နည်းပညာဆိုင်ရာ ဆက်ဆံရေး အခြေအနေတွေနဲ့ ပတ်သက်ပြီး ကျွန်တော်က စိတ်လှုပ်ရှားစရာတွေ များစွာရှိနေခဲ့ပါတယ်။

mgyoe.com

mgyoe.com


အကြောင်းကတော့ မှန်စီရွှေချလုပ်ငန်းတွေမှာ အသုံးပြုတဲ့ ရောင်စုံဖန် မှန်ကျောက် (mosaics) ထုတ်လုပ်သော လုပ်ငန်းနဲ့ ကျွန်တော် တာဝန်ထမ်းဆောင်နေတဲ့ ကြွေပြား (ceramic tiles) ထုတ်လုပ်သော လုပ်ငန်းတို့က လိုအပ်တဲ့ နည်းပညာတွေကို (ပြိုင်ဘက်လုပ်ငန်း အဖွဲ့အစည်းတွေအဖြစ် မရှုမြင်ဘဲ) အပြန်အလှန် နည်းပညာဖလှယ်နိုင်သော အကျိုးတူ မိတ်ဖက်အဖွဲ့အစည်းတွေအဖြစ် ကောင်းမွန်သော ဆက်ဆံရေးတွေ တည်ဆောက်နိုင်မလားဆိုတာကို ကျွန်တော်က စိတ်ဝင်စားခဲ့တာကြောင့် ဖြစ်ပါတယ်။

ကျွန်တော် ရပ်တည်နေရတဲ့ အခန်းကဏ္ဍကို သင့်ဘက်က အလေးအနက်ထားစဉ်းစားပြီး နားလည်ပေးနိုင်မယ်ဆိုရင် ကျွန်တော် ကြုံတွေ့နေရတဲ့ အခန်းကဏ္ဍဆိုင်ရာ ပြဿနာတွေကိုပါ တစ်ပါတည်း နားလည်နိုင်မယ်လို့ ပြောပါရစေ။

ကျွန်တော်က ကြွေပြားအရောင်းဌာနအတွက် အလုပ်လုပ်ပေးရသူ ကျွမ်းကျင်ဝန်ထမ်းဖြစ်ပြီး အလုပ်ဌာန တည်နေရာကတော့ မှန်စီရွှေချ ပစ္စည်းထုတ်လုပ်သော စက်ရုံမှာဖြစ်နေတာ တွေ့ရပါတယ်။

ကျွန်တော်ရဲ့ တာဝန်က ကြွေပြားတွေကို သိုလှောင်ထားရှိထိန်းသိမ်းဖို့၊ ကြွေပြားတွေကို စက်ရုံကနေ ထုတ်ယူလာပြီး အသုံးမပြုသေးခင်အတွင်း သေချာစွာ ကိုင်တွယ်ထိန်းသိမ်းထားဖို့ပဲ ဖြစ်ပါတယ်။

တကယ်တော့ ကြွေပြားတစ်ချပ်ဖြစ်လာဖို့ /ထုတ်လုပ်နိုင်ဖို့ ဆိုတာဟာ လွယ်လွယ်နဲ့ ဖြစ်မလာပါဘူး၊ သူတို့ကို ထုတ်လုပ်နိုင်ဖို့အတွက် အချိန်ကုန်ကျစရိတ်နဲ့ နည်းပညာတွေ များစွာရင်းပြီးမှ ထုတ်လုပ်နိုင်ခြင်း ဖြစ်ပါတယ်။

ထိုစဉ်က ကျွန်တော်လုပ်ရတဲ့ အလုပ်အတွက် အခက်အခဲတွေကသိပ်ပြီး များများစားစား မရှိခဲ့ပါဘူး။ သို့သော်လည်း ကျွန်တော် အလုပ်

mgyoe.com

mgyoe.com


ဝင်ပြီး ခြောက်လအကြာ နောက်ပိုင်းမှာ နည်းပညာအပြောင်းအလဲတွေနဲ့ မှန်စီရွှေချလုပ်ငန်းအတွက် ပစ္စည်းတွေကိုပါ ထုတ်လုပ်ဖို့အကြောင်း ဖန်လာခဲ့ပါတယ်။

မှန်စီရွှေချပစ္စည်းတွေ ထုတ်လုပ်မှုပိုင်းမှာ ကျွမ်းကျင်တဲ့သူတွေက လက်ရှိထုတ်လုပ်နေတဲ့ ကြွေပြားမှာ ပြဿနာရှိနေတယ်ဆိုတဲ့ အချက်ကို ရှာတွေ့ခဲ့ကြတယ်။ ထိုအခါ စက်ရုံတစ်ခုတည်းမှာရှိနေတဲ့ မှန်စီရွှေချ ပစ္စည်းထုတ်လုပ်သော အုပ်စုနှင့် ကြွေပြားထုတ်လုပ်သော အုပ်စုတို့ အကြား အငြင်းပွားရာကနေ ပဋိပက္ခတွေ ဖြစ်လာခဲ့တယ်။ စက်ရုံရဲ့ ကုန်ပစ္စည်းထုတ်လုပ်မှုအပိုင်းမှာ အမှားအယွင်း တစ်စုံတစ်ရာရှိနေပြီ ဆိုတာ ထင်ရှားနေပြီပေါ့။

အဲဒီလို ပြဿနာတွေတက်လာပြီဆိုတာနဲ့ မှန်စီရွှေချပစ္စည်း အတွက်အရောင်းအော်ဒါနဲ့ ကြွေပြားအရောင်းအော်ဒါတွေ ကျဆင်း လာပြီး လုပ်ငန်းတစ်ခုလုံး ယိမ်းယိုင်စပြုလာခဲ့ပါတယ်။

စက်ရုံရဲ့ ကြွေပြားထုတ်လုပ်ရေးဘက်နဲ့ မှန်စီရွှေချပစ္စည်း ထုတ် လုပ်ရေးဘက်တို့က ဒေါ်လာသန်းပေါင်းများစွာ လေလွင့်ဆုံးရှုံးရခြင်းနှင့် အချိန်နာရီပေါင်းရာနဲ့ချီပြီး ဆုံးရှုံးခဲ့ရခြင်းတွေအတွက် ပြဿနာ ကြီးငယ် တွေ ဖြစ်လာရတာ ဖြစ်ပါတယ်။

ထိုအခြေအနေတွေဟာ ကျွန်တော့်အတွက် အသက်မွေးဝမ်း ကျောင်း အလုပ်တစ်ခုကို လက်လွှတ်ဆုံးရှုံးရခြင်းဆီသို့ ဦးတည်နေခဲ့ ပါတယ်။

ကျွန်တော် ကိုယ်တိုင်လည်း ကြုံတွေ့ရတဲ့ ပြဿနာတွေအပေါ် ပြန်လည်စဉ်းစားကြည့်မိတယ်။ ကြွေပြားထုတ်လုပ်မှုအတွက် ဖြစ်စေ မှန်စီရွှေချပစ္စည်းထုတ်လုပ်မှုအတွက် ဖြစ်စေ အလုပ်လုပ်ရတဲ့ နာရီပေါင်း ရှည်ကြာမှုတွေ သတင်းအချက်အလက် စုဆောင်းမှုနဲ့ နည်းပညာဆိုင်ရာ

mgyoe.com

mgyoe.com



ကြိုးစားအားထုတ်မှုတွေ လုပ်သားအင်အားတွေကို များစွာအသုံးပြုခဲ့ရတာကို ပြန်လည်မြင်ယောင်မိပြီး ကျွန်တော့် ရှေ့ရေးအတွက် အတော်လေး စိတ်ပူခဲ့ရပါတယ်။

လုပ်ငန်းတစ်ခု အောင်မြင်စွာလည်ပတ်ဖို့နဲ့ အော်ဒါရှိပြီးသားပစ္စည်းတွေကို ပုံမှန်အတိုင်း ဆက်လက်ထုတ်လုပ်နိုင်ဖို့ဆိုတာဟာ ကျွမ်းကျင်သူလုပ်သားတွေကို စုစည်းပြီး မကြာခဏ ထုတ်ကုန်ပစ္စည်းအရည်အသွေးနဲ့ ပတ်သက်တဲ့ အားနည်းချက် အားသာချက်တွေသိရအောင် ဆွေးနွေး ညှိနှိုင်းမှုတွေ လုပ်ခဲ့ရပါတယ်။

အခက်အခဲ ပြဿနာအမျိုးမျိုးအကြားကနေ ယနေ့ကာလအထိ ထုတ်ကုန်တွေ ပုံမှန်ထုတ်လုပ်လာနိုင်ပြီး အရှိန်အဟုန်ကောင်းနေချိန်ရောက်မှ အခုလို မလိုလားအပ်တဲ့ ပြဿနာတွေ ကြုံတွေ့ရတဲ့အပေါ် မချိတင်ကဲ ဖြစ်မိပါတယ်။ ကျွန်တော်က အခုလို အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခု စွန့်လွှတ်ရတော့မယ့် အခြေအနေမျိုးမှာ 'အမ်မာ' တစ်ယောက် ဘာတွေ လုပ်နေသလဲလို့ ရုတ်တရက် စဉ်းစားလိုက်မိပါတယ်။

ကျွန်တော်က အမ်မာနဲ့ အစည်းအဝေးတွေမှာ အကြိမ်ကြိမ်တွေ့ဆုံတိုင်း သူမ ကျွန်တော့်ကို မေးခွန်းတွေ အများကြီးမေးခဲ့တာကို သတိရမိတယ်။ ကျွန်တော် ပြန်ဖြေသမျှကိုလည်း သူမက စိတ်ရှည်လက်ရှည် အာရုံစိုက်ပြီး နားထောင်လေ့ရှိတယ်လေ။

အမ်မာက ကျွန်တော့်ကို အမြဲတစေ ကူညီလေ့ရှိတယ်။ အချို့သော ကိစ္စတွေမှာ ကျွန်တော် လုပ်ဖြစ်အောင် လုပ်နိုင်စေဖို့ အတင်းအကျပ် တိုက်တွန်းတတ်တယ်။ ပြီးတော့ ကျွန်တော့်ရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်အတွက် ကျွန်တော် ဘာလုပ်သင့်တယ်။ ဘယ်ဟာတွေကို ဆောင်ပြီး ဘယ်ဟာတွေကိုတော့ ရှောင်ကြဉ်ရမယ်ဆိုတာကအစအသေးစိတ် သတိပေး အကြံပြုတတ်သူ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com



ကျွန်တော်နဲ့ 'အမ်မာ' တို့ပြောဆိုကြတဲ့ စကားတွေထဲမှာ ကျွန်တော်တို့ လုပ်ငန်းအဖွဲ့အစည်းအတွင်း ဘယ်ပုဂ္ဂိုလ်က အဓိကကူညီပေးနိုင်သူနဲ့ လက်ရှိကာလအထိ အကူအညီတွေ ပေးနေတယ်ဆိုတဲ့ အကြောင်းတွေ၊ လုပ်ငန်းတိုးတက်အောင်မြင်ရေးအတွက် ဘယ်လို ထိရောက်စွာ ပြုမူပြောဆို ဆောင်ရွက်ရမယ်ဆိုတဲ့အကြောင်းတွေ အဓိက ပါဝင်ခဲ့ပါတယ်။

အမ်မာနဲ့ တွေ့ဆုံသိကျွမ်း ရင်းနှီးခွင့်ရပြီး မိမိလုပ်ငန်းအခက်အခဲတွေကို အမှန်အတိုင်းဖွင့်ပြောပြီး အကြံဉာဏ်ရယူတဲ့သူတိုင်း မူလကြုံတွေ့ ခံစားရသော ပြဿနာ ဒုက္ခတွေ သိသိသာသာ လျော့နည်းသွားတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

အမ်မာက ကျွန်တော် အလုပ်လုပ်နေတဲ့ မှန်စီရွှေချပစ္စည်းများနဲ့ ကြွေပြားထုတ်လုပ်သော စက်ရုံသို့ အလည်အပတ်လာရောက်ခဲ့သေးတာကို ကျွန်တော် မှတ်မိနေပါသေးတယ်။

သူမက ကျွန်တော် အလုပ်လုပ်တဲ့ စက်ရုံကိုလာတယ်ဆိုတာဟာ ကျွန်တော့်ဆီ သက်သက် အလည်လာရုံမဟုတ်ဘဲ စီမံခန့်ခွဲရေးလုပ်ငန်းတွေ ဘယ်လို လုပ်နေတယ်ဆိုတာကိုပါ အချိန်အတန်ကြာ ကြည့်ရှုလေ့လာဖို့ ဖြစ်ပါတယ်။

သူမက ကျွန်တော် လုပ်ငန်းတိုးတက်အောင် ဘယ်လို လုပ်ကိုင်သင့်တယ်ဆိုတာကို ထောက်ပြခဲ့တယ်။ ကျွန်တော်က ရုံးခန်းထဲမှာ သူမနဲ့ အတူရှိနေရင်း လုပ်ငန်းနဲ့ ပတ်သက်တဲ့ကိစ္စတွေ ရှေ့ဖြစ်လာနိုင်တဲ့ ပြဿနာတွေအကြောင်း ဆွေးနွေးဖြစ်ခဲ့တယ်။

ကျွန်တော့် အလုပ်ကြိုးစားမှုအတွက် သူမက ချီးမွမ်းစကားပြောခဲ့တယ်။

သူမရဲ့ အပြောအဆို၊ အပြုအမူတွေကို ကျွန်တော် တွေ့မြင်ပြီး

mgyoe.com

mgyoe.com


အရမ်းအံ့ဩခဲ့ရတယ်။ အကြောင်းကတော့ အမ်မာဟာ စကားအပြော အဆို နူးညံ့ညင်သာပြီး တစ်ဖက်လူရဲ့ ပြောဆိုဖြေရှင်းတုံ့ပြန်တဲ့ စကား တွေကို သေချာစွာ နားထောင်တတ်သူ ဖြစ်တယ်။ သူမက ဘယ်သူ နဲ့မဆို စကားပြောဆိုတိုင်း ပြုံးရွှင်သော မျက်နှာပေး၊ နွေးထွေးတဲ့ အကြည့်တွေနဲ့ တစ်ဖက်လူကို အကြည့်ချင်းဆုံပြီး ပြောဆိုလိုတဲ့ အကြောင်းအရာကို နားဝင်အောင် ပြောဆိုတတ်လေ့ရှိတယ်။

သူမက စက်ရုံမန်နေဂျာတွေနဲ့ တွေ့ဆုံတဲ့အခါမှာလည်း စိတ်ရှည် သည်းခံစိတ်ကို ရှေ့တန်းတင်ပြီး ပြောဆိုလေ့ရှိတယ်။

'အမ်မာ' ဟာ သဘောထားတင်းမာသူတွေနဲ့ ထိတွေ့ဆက်ဆံ ရဖန်များသော်လည်း သူမကိုယ်တိုင်က သဘောထား ခက်ထန်တင်းမာ ခြင်း မရှိခဲ့ပါဘူး။

အမ်မာက လုပ်ငန်းနဲ့ ပတ်သက်ပြီး တင်ပြရှင်းလင်းမှုတွေကို အကောင်းဆုံးပြုလုပ်နိုင်စွမ်း ရှိတယ်။ တစ်ဖက်လူ ပြောစကားကို နား ထောင်တတ်ပြီး လေ့လာစရာရှိတာကို သေချာလေ့လာတတ်တယ်။ ကျွန်တော့်အတွက် အံ့ဩမှုအဖြစ်ရဆုံးကိစ္စကတော့ အမ်မာဟာ ပြဿနာ အမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းပြီး တည်ငြိမ်အေးချမ်းသော စိတ်နဲ့ အရာရာ ကို မှန်ကန်စွာ ဆုံးဖြတ်တတ်တာကြောင့် မန်နေဂျာအဆင့်နဲ့ အထက် ရာထူးရှိသောသူတွေအပေါ်မှာတောင် သူမက ဩဇာလွှမ်းမိုး ထားနိုင် တာ တွေ့ရပါတယ်။ နောက်ထပ် ထူးခြားမှုတစ်ရပ်ကတော့ အမ်မာနဲ့ တွေ့ဆုံခွင့်၊ ပြောဆိုဆွေးနွေးခွင့်ရရှိတဲ့ သူတိုင်းဟာ ရာထူး ဘယ်လောက် ပဲ ကြီးကြီး၊ ပြဿနာတွေ ဘယ်လောက်ပဲများများ သူမရဲ့ အကြံပေးပြော ဆို အကူအညီပေးမှုတွေကြောင့် အားလုံး စိတ်ချမ်းသာရတဲ့ အချက်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ လုပ်ငန်းပရောဂျက်တွေ ပြီးဆုံးသွားတဲ့ နောက်ပိုင်း

mgyoe.com

mgyoe.com


မှာလည်း အမ်မာနဲ့ ကျွန်တော်က မိတ်ဆွေတွေအဖြစ် ဆက်လက် ရင်းနှီးနေဆဲရှိခဲ့ပြီး ကော်ဖီသောက်ရင်းနဲ့ လုပ်ငန်းဆိုင်ရာ အကြောင်းအရာမျိုးစုံကို ပြောဆိုဆွေးနွေးဖြစ်ခဲ့ပါသေးတယ်။

ကျွန်တော်က နောက်ထပ် ပရောဂျက်မှာ ပါဝင်လုပ်ကိုင်ခွင့်ရရှိဖို့ အမ်မာရဲ့အကူအညီ လုံးဝလိုအပ်တယ်ဆိုတာကို အသေအချာသိလိုက်တယ်။

ဒါကြောင့်... 'အမ်မာ' ကို အကြောင်းအကျိုးစုံလင်စွာ ပြောဆိုပြီး အကူအညီတောင်းဖြစ်ခဲ့တယ်။

ကုမ္ပဏီရဲ့ ထိပ်တန်းအမှုဆောင်တချို့က အမ်မာ့အပေါ် လေးစားကြည်ညိုပြီး ကြွေပြားလုပ်ငန်းရဲ့ ရှေ့ဆက်လုပ်ဆောင်မယ့် လုပ်ငန်းအစီအစဉ်တွေထဲမှာ ကျွန်တော့်ကို ဆက်လက် အစားထိုးတာဝန်ပေးဖို့လည်း ထည့်သွင်းစီစဉ်ခဲ့ကြပါတယ်။

အမ်မာက ကျွန်တော် အလုပ်လုပ်ခဲ့တဲ့ မှတ်တမ်းတွေ လက်ရာလက်စလက်န ဘယ်လောက်ရှိတယ်ဆိုတာကို စီနီယာအမှုဆောင်တွေသိအောင် ထုတ်ဖော်ပြသခဲ့တယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း မှန်စီရွှေချပစ္စည်းထုတ်လုပ်မှုအပိုင်းကိုရော ကြွေပြားထုတ်လုပ်မှုအပိုင်းကိုပါ ကျွမ်းကျင်စွာ နားလည်ပြီးဖြစ်တဲ့အကြောင်း ထုတ်ဖော်ပြောဆိုလိုက်တယ်။

ဒီနည်းနဲ့ ကျွန်တော်ဟာ ကြွေပြားထုတ်လုပ်ရေးလုပ်ငန်းမှာ နောက်ထပ် ပရောဂျက်သစ်တစ်ခုအတွက် ပါဝင်လုပ်ကိုင်ခွင့်ရခဲ့ပါတယ်။

တကယ်တော့ အမ်မာဟာ ကျွန်တော်ရဲ့ မန်နေဂျာလည်းဖြစ်၊ ကျွန်တော် နမူနာထားလောက်သော အရည်အချင်းတွေနဲ့ ပြီးပြည့်စုံတဲ့ ခေါင်းဆောင်တစ်ယောက်လည်း ဖြစ်ပါတယ်။ အမ်မာက ကျွန်တော့်ရဲ့

mgyoe.com

mgyoe.com



လုပ်ငန်းအပေါ် စေတနာထားဆောင်ရွက်မှုတွေကို အသိအမှတ်ပြုရုံသာမက အခြားလူတွေ သိအောင်လည်း ထုတ်ဖော်ပြောဆို၊ အသိပေးတတ်သူ ဖြစ်ပါတယ်။

အမ်မာဟာ လုပ်ငန်းခွင်အတွင်း ယဉ်ကျေးမှုအပြောင်းအလဲလုပ်ဖို့၊ အောင်မြင်မှုရစေသော ပတ်ဝန်းကျင်တစ်ခုကို တည်ဆောက်နိုင်ဖို့ အစီအစဉ်ကောင်းတွေ ရေးဆွဲပေးခဲ့သူလည်း ဖြစ်ပါတယ်။

အမ်မာဟာ ကျွန်တော်ရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်တွေ တောက်လျှောက် အဆင်ပြေချောမွေ့စေဖို့ လိုအပ်သလို လေ့ကျင့်သင်ကြားမှုတွေ၊ အကြံဉာဏ်ကောင်းပေးခြင်းတွေနဲ့ အမြဲတမ်း အကူအညီ ပေးခဲ့ပါတယ်။

## လုပ်ငန်းခွင်ဆိုင်ရာ ကိုယ်ပိုင်ယဉ်ကျေးမှု စတင်ပေါ်ပေါက်စေခြင်း

အရာဝတ္ထုပစ္စည်းတိုင်းနဲ့ သက်ရှိတိုင်းကို မော်လီကျူးများ စုဝေးနေတဲ့ ပုံဆောင်ခဲတွေနဲ့သာ စတင်အခြေပြု ပေါ်ပေါက်စေလေ့ရှိပါတယ်။

မော်လီကျူးတွေ စုဝေးခြင်းကြောင့် ပုံဆောင်ခဲဖြစ်လာပြီး ပုံဆောင်ခဲတွေ စုဝေးလာခြင်းကြောင့် သက်ဆိုင်ရာ သက်ရှိ – သက်မဲ့ – ရုပ်ဝတ္ထုပစ္စည်းတွေလည်း အကောင်အထည်အလိုက် အထင်အရှားမြင်ရတဲ့ အခြေအနေအထိ ရုပ်လုံးပေါ်လာရခြင်း ဖြစ်ပါတယ်။

ကျွန်ုပ်တို့ဘဝအတွက် လေ့လာသင်ကြား – သင်ယူမှုတွေကိုလည်း အလားတူစွာ နည်းနည်းချင်း/ ဖြည်းဖြည်းချင်းကနေ အဆင့်ဆင့် စုဝေးစေပြီး အများအပြားဖြစ်လာအောင် အချိန်ယူလုပ်ဆောင်ပေးရတတ်ပါတယ်။

လုပ်ငန်းခွင်အတွင်း ယဉ်ကျေးမှုတွေ တည်ဆောက်လိုတဲ့အခါမှာလည်း အလားတူ အချိန်ယူပြီး နည်းနည်းစီ/ ဖြည်းဖြည်းချင်း အရှိန်ယူ

mgyoe.com

mgyoe.com



တည်ဆောက်ရတတ်ပါတယ်။

ရေကန်တစ်ခုအတွင်း ရေခဲသားအဖြစ် ပေါ်ပေါက်လာစေဖို့ (ရေခဲဖြစ်လာစေဖို့အတွက်) ရေကန်နဲ့အနီး ပတ်ဝန်းကျင်တစ်ခုလုံးအား အေးခဲနေတဲ့အထိ အပူချိန်လျှော့ချပစ်ရမှာ ဖြစ်ပါတယ်။

သင်က အမှုဆောင်အရာရှိချုပ်ဖြစ်စေ… ထိပ်တန်းမန်နေဂျာတစ်ယောက်ဖြစ်စေ၊ ကျွမ်းကျင်ပညာရှင်တစ်ယောက်ဖြစ်စေ… အဲဒီလိုအဆင့် ရောက်ရှိလာစေဖို့အတွက် ဦးစွာပထမ စတင်ပျိုးထောင်လေ့ကျင့်ပေးဖို့ လိုအပ်ပါတယ်။

သင်ကိုယ်တိုင်ကလည်း သက်ဆိုင်ရာအရည်အသွေးတွေ အဆင့်ဆင့် မြင့်မားတိုးတက်လာစေဖို့အတွက် ပုံဆောင်ခဲအဖြစ် အဆင့်ဆင့်ပျိုးထောင်ရပါတယ်။

သင်ကိုယ်တိုင်က ပုံဆောင်ခဲအဖြစ် အဆင့်ဆင့် ရုပ်လုံးပေါ်တဲ့အခြေအနေအထိ အရည်အသွေးတွေ အားကောင်းအောင် လုပ်ဆောင်နိုင်လာပြီဆိုရင်… သင့်ပတ်ဝန်းကျင်တစ်ခုလုံးကို သင်လိုချင်တဲ့ယဉ်ကျေးမှုပုံစံရရှိအောင် စတင် တည်ဆောက်ပြောင်းလဲနိုင်တော့မှာဖြစ်ပါတယ်။

သင်က ပတ်ဝန်းကျင်ကို စိတ်တိုင်းကျပြောင်းလဲမှုတွေ လုပ်နိုင်အောင် စတင်ကြိုးစားရာမှာ အစပထမတော့ သင်တစ်ယောက်တည်းနဲ့သာ စတင်ရမှာဖြစ်ပါတယ်။ သို့သော်လည်း နောက်ပိုင်းကာလတွေမှာတော့ သင်တစ်ယောက်တည်းရဲ့ စွမ်းအင်ကနေ နှစ်ယောက်အားသုံးယောက်အားအဖြစ် စွမ်းဆောင်ပေးမယ့်သူတွေ တိုးပွားလာပြီး သင့်ရဲ့ပုံဆောင်ခဲကြီးထွားဖွံ့ဖြိုးမှုအဆင့်ကလည်း တဖြည်းဖြည်း အရှိန်ရ၊ လျင်မြန်စွာ ရုပ်လုံးပေါ်လာတော့မှာ ဖြစ်ပါတယ်။

သင့်ရဲ့ ကိုယ်ပိုင်စွမ်းဆောင်ရည်တွေ မြင့်မားလာပြီဆိုတာနဲ့ တစ်

mgyoe.com

mgyoe.com



ဆက်တည်းဆိုသလို သင့်ရဲ့ လုပ်ငန်းခွင်အတွင်း ကိုယ်ပိုင်ယဉ်ကျေးမှုတွေ တည်ဆောက်လာနိုင်ပြီး သင့်ရဲ့ ဩဇာရှိန်ဝါကလည်း တောက်လျှောက်မြင့်တက်လာတော့မှာ ဖြစ်ပါတယ်။

ပုံဆောင်ခဲတစ်ခုရဲ့ ဆင့်ကဲဖွံ့ဖြိုးမှုဖြစ်စဉ်အတိုင်း သင့်ရဲ့ ကိုယ်ပိုင်စွမ်းဆောင်ရည်တွေ၊ ဩဇာရှိန်ဝါတွေ မြင့်တက်လာသလို သင စိတ်ကြိုက် တည်ဆောက်ထားသော လုပ်ငန်းခွင်အတွင်း ဩဇာရှိန်ဝါမြင့်မားမှုအရ ပီပြင်စွာ ပေါ်ပေါက်လာသော ယဉ်ကျေးမှုတွေလည်း အသားကျလာပြီဆိုပါက သင့်ပတ်ဝန်းကျင်တစ်ခုလုံးကို သင့်ရဲ့ စိတ်တိုင်းကျပုံစံဖြင့် လွှမ်းမိုးထားနိုင်မှာ ဖြစ်ပါတယ်။

'အမ်မာ' ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု တည်ဆောက်သော ပုံစံဟာ သူမရဲ့ ဩဇာရှိန်ဝါကို ပိုမိုမြင့်မားတိုးတက်လာစေရုံမက သူမရဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကိုပါ သူမ စိတ်တိုင်းကျဖြစ်အောင် ပုံသွင်းနိုင်ခဲ့တာ တွေ့ရပါတယ်။

အမ်မာဟာ ကိုယ်ပိုင်ယဉ်ကျေးမှုတစ်ခုစီကို သူ့လုပ်ငန်းခွင်နဲ့ လိုက်ဖက်အောင် တည်ဆောက်နိုင်သူ တစ်ယောက်ဖြစ်ပါတယ်။

အမ်မာရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု တည်ဆောက်သော ပုံစံအရ အထက် အောက် ဝန်ထမ်းအားလုံးအား သူမနဲ့ အပြန်အလှန် ယုံကြည်မှုရရှိစေရန် ကောင်းမွန်သော ဆက်ဆံရေးတွေ ဦးစွာတည်ဆောက်ပြီး ကြုံတွေ့ရသမျှ ပြဿနာအရပ်ရပ်ကိုလည်း အပြန်အလှန် မျှဝေခံစားနားလည်ရုံမက အပြန်အလှန် ကူညီထောက်ပံ့နိုင်စေတဲ့အထိ အောင်မြင်စွာ တည်ဆောက်နိုင်တာကို တွေ့ရှိရပါတယ်။

အမ်မာက ကျွန်တော့်ကိုလည်း သူမနည်းတူ အလုပ်ခွင်အတွင်း ကိုယ်ပိုင်ယဉ်ကျေးမှုတစ်ခု စိတ်တိုင်းကျတည်ဆောက်နိုင်အောင် နည်းပေးလမ်းပြ အကြံပေးတာတွေ လုပ်ခဲ့ပါတယ်။

mgyoe.com

mgyoe.com



ကျွန်တော်က အမ်မာနဲ့ တွေ့ဆုံရင်းနှီးပြီး သူမဆီက အခုလို ထိရောက်တဲ့ အကူအညီတွေရရှိခြင်းအတွက် ကံကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ အမ်မာ သင်ပြပေးတဲ့အတိုင်း ကျွန်တော်က လက်တွေ့ အကောင်အထည်ဖော်နိုင်စွမ်းတွေ မြင့်တက်လာတာကြောင့် သူမအပေါ် ကျွန်တော်ရဲ့ ဆရာသမားလို အကြံပေးအရာရှိလို မိတ်ဆွေကောင်းလို သဘောထားနိုင်ခဲ့ပါတယ်။

နောက်ပိုင်းကာလတွေမှာတော့ ကျွန်တော့်ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်နဲ့ ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ မြင့်တက်လာခဲ့တာကြောင့် 'အမ်မာ့' လိုမျိုး အောင်မြင်မှုတွေ ဆင့်ကဲ ရရှိအောင် ဆက်လက်ကြိုးစားအားထုတ်နိုင်ခဲ့ပါတယ်။

**သင့်ကိုယ်ပိုင်စွမ်းဆောင်ရည်အား ပုံဆောင်ခဲတစ်ခုဖြစ်တည်နိုင်ဖို့**
**အဆင့်ဆင့်သော မော်လီကျူးအစုအဝေးတွေ ပေါင်းစပ်ရသော ပုံစံအတိုင်း**
**တဖြည်းဖြည်း ရုပ်လုံးပေါ်အောင် ကြိုးစားပေးပါ**

သင့်လုပ်ငန်းခွင်အတွက် ကိုယ်ပိုင်ယဉ်ကျေးမှု တည်ဆောက်ရာမှာဖြစ်စေ... သင့်ရဲ့ ကိုယ်ပိုင်အရည်အသွေးတွေ မြင့်မားတိုးတက်စေဖို့ဖြစ်စေ... အချိန်ကာလ၊ ကြိုးစားအားထုတ်မှု၊ စိတ်ရှည်သည်းခံနိုင်စွမ်းရှိမှုဆိုတဲ့ အရင်းအမြစ်တွေကို ဦးစွာ ရင်းနှီးမြှုပ်နှံထားရတတ်ပါတယ်။

သင်က စွမ်းဆောင်ရည် မြင့်တက်စေဖို့ဖြစ်စေ ကိုယ်ပိုင်ယဉ်ကျေးမှုတည်ဆောက်ဖို့ဖြစ်စေ တစ်ချိန်မှာ သင့်ရဲ့ သက်ဆိုင်ရာ လေ့ကျင့်မှုတွေကို တစ်ကြိမ်သာ လုပ်ဆောင်ရင်း ဖြည်းဖြည်းချင်းစီ အရှိန်ယူရမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com



**သင့်အနီးဆုံးပတ်ဝန်းကျင်အား ပြုပြင်ပြောင်းလဲခြင်း**

သင့်အလုပ်ခွင် (သို့) သင်နှင့် အနီးဆုံးသော ပတ်ဝန်းကျင်အား ပြောင်းလဲခြင်းဟာ သင့် အသင်းအဖွဲ့ဝင်တိုင်းနဲ့ဆိုင်သော ယဉ်ကျေးမှုကို အပြောင်းအလဲလုပ်ပေးခြင်းသာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့တွေ သင့်ကုမ္ပဏီတွေကို တစေ့တစောင်း လေ့လာတဲ့အခါ ဘယ်နေရာ အပိုင်းကဏ္ဍတွေမှာ အပြောင်းအလဲလုပ်ဖို့ လိုအပ်တယ်။ ဘယ်ကိစ္စတွေကိုတော့ အကောင်အထည်ဖော်ရမယ်။ ဘယ်လို နေရာတွေမှာတော့ ပြုပြင်မှုတွေလုပ်ဖို့ လိုအပ်တယ်ဆိုတာကို တွေ့လာနိုင်ပါတယ်။

အထူးသဖြင့် လုပ်ငန်းကဏ္ဍအသီးသီးရဲ့ ခေါင်းဆောင်တွေ မန်နေဂျာတွေ ကိုယ်တိုင်က သူတို့ရဲ့ လုပ်ငန်းတိုးတက်မှုတွေအတွက် လိုအပ်သလို ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရမယ်ဆိုတာကို သိနားလည်ထားဖို့လိုပါတယ်။

သင့်ရဲ့ အနီးဆုံးပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲဖို့ဆိုရာမှာ သင့်လုပ်ငန်းခွင်နဲ့ ပတ်သက်သော ယဉ်ကျေးမှုတစ်ခုတည်းကိုသာ ပြောင်းလဲခြင်းမဟုတ်ဘဲ လုပ်ငန်းလုပ်သော စနစ်တစ်ခုလုံးကိုပါ ပြောင်းလဲရမှာ ဖြစ်ပါတယ်။

သင့်လုပ်ငန်းအဖွဲ့အစည်းထဲမှာ အချိန် စွမ်းအင် ဩဇာရှိန်ဝါ သက်ရောက်မှုတွေ အားနည်းနေမယ်ဆိုရင် သင့်လုပ်ငန်း ပရောဂျက်တစ်ခုလုံးကို ထိခိုက်ပျက်စီးစေမှာ ဖြစ်ပါတယ်။

သင်က ကိုယ်ပိုင်အရည်အသွေးကောင်းတွေနဲ့ အလုပ်ခွင်အတွင်း ကိုယ်ပိုင်ယဉ်ကျေးမှု တည်ဆောက်နိုင်ရေးအတွက် အောက်ပါရိုးရှင်းသော ညွှန်ကြားမှုတွေကို လိုက်နာဆောင်ရွက်နိုင်ဖို့ လိုပါတယ်။

mgyoe.com

mgyoe.com


**သင့်အသက်မွေးဝမ်းကျောင်း အလုပ်အပေါ် အန္တရာယ်မရှိပါစေနှင့်**

သင် လက်ရှိလုပ်ကိုင်ခွင့်ရသော အသက်မွေးဝမ်းကျောင်းအလုပ်ကို တန်ဖိုးထားပြီး ဆက်လက်တိုးတက်အောင်မြင်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။

ထို့နောက် သင် တန်ဖိုးထားသော အလုပ်ရဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို ကောင်းမွန်သော ဆက်ဆံရေးတွေ တည်ဆောက်ပေးပါ။

ထို့ပြင်မက လုပ်ငန်းတိုးတက်ရေးအတွက် အထောက်အကူပြုသော အရင်းအမြစ်တွေကို သေချာစွာစုဆောင်းပြီး အကျိုးရှိရှိအသုံးချပေးပါ။

ထို့နောက် သင့်အတွက် အခွင့်အရေးကောင်းတွေရှိနေတဲ့ နေရာဌာနတွေကို ရှာဖွေပေးပါ။ ပြဿနာများရှိပါက တည်ငြိမ်အေးဆေးစွာဖြင့် ဖြေရှင်းပေးပါ။ အရေးအကြီးဆုံးသောအချက်ကတော့ သင့် အသက်မွေးဝမ်းကျောင်းအလုပ်ကို အန္တရာယ်ထိခိုက်မှု မရှိစေဖို့ဘဲ ဖြစ်ပါတယ်။

သင့်အရည်အသွေးကောင်းတွေနဲ့ သင့်လုပ်ငန်းခွင်အတွင်း ယဉ်ကျေးမှုတည်ဆောက်နိုင်ဖို့ သင့်လုပ်ငန်းအား ပျက်စီးရာ ပျက်စီးကြောင်းကြံစည်သည့်သူများ လုပ်ငန်းစွမ်းဆောင်ရည် ညံ့ဖျင်းသလောက် ကုမ္ပဏီအတွက် စေတနာထားနိုင်စွမ်း မရှိသည့်ဝန်ထမ်းများအား အင်အားလျှော့ချခြင်း အလုပ်တာဝန်မှ ရပ်စဲခြင်းတွေ လိုအပ်သလို လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။

**သင့်ရဲ့ကျင့်ဝတ်နဲ့ပတ်သက်ပြီး အလျှော့ပေးခြင်းတွေ မလုပ်ပါနှင့်**

သင့်ရဲ့ အလုပ်ခွင်အတွင်း ရိုးသားဖြောင့်မတ်သော စိတ်ထားရှိပြီး ကောင်းသော ကျင့်ဝတ်တွေကိုလည်း အစဉ်စောင့်ထိန်းပေးဖို့ လိုအပ်ပါတယ်။

mgyoe.com

mgyoe.com



သင့်ရဲ့ ကျင့်ဝတ်ကောင်းတွေက သင့်ဘဝတစ်သက်တာအတွက် ကောင်းကျိုးပြုနိုင်တယ်လို့ ယူဆတယ်ဆိုရင်... သင့်ရဲ့ ကျင့်ဝတ်ကောင်းတွေ ထိခိုက်ပျက်စီးအောင် အလျှော့ပေးခြင်းတွေ လုံးဝ မလုပ်ဖို့ လိုအပ်ပါတယ်။

သင်က ကောင်းသော ကျင့်ဝတ်တွေကို မထိခိုက်အောင် ဆက်လက် ထိန်းသိမ်းရင်း သင့်အပေါ် လူအမျိုးမျိုးရဲ့ စရိုက်လက္ခဏာ အမျိုးမျိုးက ဘယ်လိုပဲ ထိခိုက်နိုင်လာသည်ဖြစ်စေ သင့်ဘက်က ကိုယ့်ကိုယ်ကိုယ် မထိခိုက်အောင် ထိန်းသိမ်းပြီး ကောင်းမွန်သော ဆက်ဆံရေးတွေနဲ့သာ တုံ့ပြန်ပေးရမှာ ဖြစ်ပါတယ်။

သင့်မှာရှိသော ကောင်းသော ကျင့်ဝတ်တွေက သင့်လုပ်ငန်းခွင်တစ်ခုလုံးအတွက်သာမက သင့်ဘဝတစ်ခုလုံးအတွက်ပါ တိုးတက်မှုတွေရရှိစေမှာ ဖြစ်ပါတယ်။

**စိတ်မရှည်၊ ဒေါသထွက်တတ်ခြင်းတွေ မဖြစ်ရအောင် ဂရုစိုက်ပေးပါ**

ဟာတိုအပြေးသမားနဲ့ မာရသွန်အပြေးသမားတွေဟာ အလုပ်သဘောအရ ကွဲပြားခြားနားမှုတွေရှိနေတာ တွေ့ရပါတယ်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက ကျွန်တော်တို့ လုပ်ကိုင်နေတဲ့ လုပ်ငန်းအဖွဲ့အစည်းအတွင်း အောင်မြင်နိုင်ခြေရှိတဲ့ အနေအထားတွေကို လေ့လာဖြစ်ခဲ့ပါတယ်။

အောင်မြင်နိုင်ခြေရှိသော လုပ်ငန်းကဏ္ဍ အခြေအနေတွေကို လေ့လာသုံးသပ်တဲ့အခါ ယနေ့ကာလမှ ရက်သတ္တပတ် အနည်းငယ်အတွင်းနဲ့ ယနေ့ကာလမှ လွန်ခဲ့သော တစ်လနှစ်လအတွင်းက အခြေအနေအဖြစ်အပျက် အကောင်း/အဆိုးတွေကို သေချာစွာ ခွဲခြား လေ့လာပေးဖို့ လိုအပ်ပါတယ်။

mgyoe.com

mgyoe.com


လုပ်ငန်းခွင်အတွင်း ယဉ်ကျေးမှုအပြောင်းအလဲတွေ လုပ်ရာမှာ အသင်းအဖွဲ့အတွက်/ လုပ်ငန်းကဏ္ဍတစ်ခုလုံးအတွက် အကျိုးရလဒ်တွေကို ချင့်ချိန်တွက်ချက်ခြင်းနဲ့ ပတ်သက်ပြီး အငြင်းပွားစရာတွေ ရှိလာတတ်ပါတယ်။

သင်က လုပ်ငန်းအတွက် လိုအပ်သလိုပြောင်းလဲမှုတွေ ပြုလုပ်ရာမှာ သင် မျှော်မှန်းထားတဲ့အတိုင်း တစ်ခါတလေ ဖြစ်မလာတာမျိုး ရှိနေတတ်ပါတယ်။

ထိုအခါမျိုးမှာ သင့်ဘက်က စိတ်မရှည်တာမျိုးတွေ... ဒေါသထွက်တာမျိုးတွေ မလုပ်မိစေဘဲ စိတ်ရှည်သည်းခံစိတ် ရှေ့ထားပြီး ခေါင်းအေးအေးနဲ့ စဉ်းစားဆုံးဖြတ်ပေးဖို့ လိုပါတယ်။

သင့်ဘက်က အချိန်တိုအတွင်း အပြောင်းအလဲတွေ လုပ်ခြင်းကြောင့် အဲဒီပြောင်းလဲခြင်းတွေရဲ့ ဒဏ်ကို သင်က မခံနိုင်ဘူးဆိုရင်... ဖြည်းဖြည်းချင်းနဲ့ နည်းနည်းစီသာ ပြောင်းလဲပေးပါ။ ပြောင်းလဲမှုအမျိုးမျိုးအတွက် စိတ်ရှည်သည်းခံစိတ်ကို မွေးမြူပေးပါ။

တချို့သော လုပ်ငန်းကိစ္စတွေမှာ အသေးအဖွဲ့မျှသာ ပြောင်းလဲရုံနဲ့ အောင်မြင်မှု တိုးတက်မှုတွေ ရနိုင်တယ်ဆိုတာကို သတိပြုပေးပါ။

**စိတ်အနှောင့်အယှက်ဖြစ်စရာ ကိစ္စများကို မျက်ကွယ်ပြု မေ့ပျောက်ပေးပါ**

သင်က သက်သောင့်သက်သာဖြစ်အောင် နေထိုင်နိုင်ဖို့အတွက် သင့် စိတ်ကြည်နူးစရာဖြစ်စေတဲ့ ပတ်ဝန်းကျင်တစ်ခုကို သင်ကိုယ်တိုင် တည်ဆောက်နိုင်ဖို့ လိုအပ်ပါတယ်။

သင် နေထိုင်တဲ့အိမ်ကို သက်သောင့်သက်သာနဲ့ နေချင်စဖွယ်ဖြစ်အောင် ပြုပြင်ခြင်းဟာ သင် နေထိုင်ရာအိမ်အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာတွေကို မျက်ကွယ်ပြုနိုင်အောင် ကြိုးစားလုပ်ဆောင်ခြင်း

mgyoe.com

mgyoe.com


ဖြစ်ပြီး သင့်လုပ်ငန်းခွင်အတွင်း စိတ်အနှောင့်အယှက်ဖြစ်စရာတွေ ကင်းစင်အောင် သင့် အလုပ်ပတ်ဝန်းကျင်တစ်ခုလုံးအား အကုန်အစင် ပြုပြင်ပြောင်းလဲမှုတွေ လုပ်ပေးရမှာ ဖြစ်ပါတယ်။

**အောက်ပါလေ့ကျင့်ခန်းများကို ထိရောက်စွာပြုလုပ်ပေးပါ**

၁။ သင့်ရဲ့ စဉ်းစားတွေးခေါ်ကြံစည်မှုတွေနဲ့ စိတ်ကူးအကြံဉာဏ်ကောင်းတွေကို မှတ်တမ်းတင်ထားနိုင်စေဖို့ မှတ်စုစာအုပ်တစ်အုပ်ထားရှိပြီး ရေးမှတ်ထားပေးပါ။
သင့်ရဲ့ နေ့စဉ်ဘဝ လုပ်ငန်းအစီအစဉ်တိုင်းမှာ အောင်မြင်ချောမွေ့စွာ လုပ်ငန်းဆောင်ရွက်နိုင်စေဖို့ ဤစာအုပ်တွင် ပါရှိသော လေ့ကျင့်ခန်းများကို ပြုလုပ်ပါ။ သင် လုပ်ကိုင်ဆောင်ရွက်သော ကိစ္စတွေရဲ့ ကောင်းခြင်း ဆိုးခြင်း၊ အားသာချက်ရှိခြင်း/ အားနည်းချက်ရှိခြင်းတွေအပေါ် သေချာစွာ ခွဲခြားနားလည်ထားပေးပါ။ အရာရာအပြုသဘောဆောင် အကောင်းမြင်ပြီး ကြုံတွေ့ရသော ပြဿနာများအား တရားမျှတစွာဖြင့် ဖြေရှင်းပေးပါ။

၂။ သင့်အလုပ်ခွင်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား ဘယ်လို ကောင်းကျိုးပြုတယ်ဆိုတာကို သေချာစွာ စိစစ်ပေးပါ။ ကောင်းသော အချက်များကို စာရင်းပြုစုပေးပါ။
သင့်အတွက် ရှင်သန်ရပ်တည်မှု အကောင်းဆုံးသော ပုံစံကို စိတ်ကြိုက် ရွေးချယ်ပေးပါ။

၃။ သင့်အလုပ်ပတ်ဝန်းကျင်ရဲ့ မကောင်းသော အခြေအနေ လက္ခဏာတွေကို စာရင်းပြုစုပေးထားပါ။
သင့်ဘက်က ပြောင်းလဲချင်တဲ့ပုံစံကို သေချာစွာ စိစစ်ရွေးချယ်ထားပေးပါ။

mgyoe.com

mgyoe.com


၄။ သင့်ဘက်က အလုပ်ခွင်အတွင်း အကောင်းဆုံးသော အခြေအနေတွေကို သေချာစွာ ဖန်တီးပုံဖော်နိုင်ခဲ့ကြောင်း စိတ်ကူးပုံဖော် မြင်ယောင်ပေးပါ။
သင့်ဘက်က မကောင်းသော အခြေအနေတွေကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေသလားဆိုတာကို သေချာစွာ စိစစ်ပေးပါ။

---

၅။ သင်နှင့် အလုပ်တွဲဘက်လုပ်ကိုင်ရာ၌ အဆင်ပြေသော သင်နှင့် ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ထားနိုင်သော လူငါးဦး၏ စာရင်းကို ပြုစုထားပေးပါ။

---

၆။ သင့်အလုပ်ခွင်အတွင်း သင် လုပ်ကိုင်သော အလုပ်ကို ထိန်းချုပ်ပေးနိုင်သူ ငါးဦး၏ အမည်ကို ချရေးထားပေးပါ။

---

mgyoe.com

mgyoe.com

# ၂

# လုပ်ငန်းတာဝန်နှင့် ပတ်သက်ပြီး ပြောင်ကျကျ ပြောဆိုလုပ်ကိုင်ဆောင်ရွက်ပါ

သင်က ဘယ်သူပဲဖြစ်စေ... သင့် ရာထူးအဆင့်အတန်းနဲ့ သင် ရပ်တည်ရသော အခန်းကဏ္ဍက ဘယ်လောက်ပဲ သြဇာရှိန်ဝါကြီးနေသည်ဖြစ်စေ လုပ်ငန်းတာဝန်နဲ့ပတ်သက်ပြီး ကိစ္စရပ်တိုင်းကို ပြောင်ကျကျ လုပ်ကိုင်ဆောင်ရွက်တတ်ဖို့ လိုပါတယ်။

ကျွန်ုပ်တို့ရဲ့ ပတ်ဝန်းကျင်ကို လေ့လာတဲ့အခါ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေ များစွာရှိနေပြီး အရည်အချင်းမပြည့်မီသော ဆရာတွေ စိတ်ဓာတ်ကျနေသော ကျောင်းသားမိဘတွေ စဉ်းစားဆင်ခြင်တွေးခေါ်နိုင်စွမ်း အားနည်းသော ဒရိုင်ဘာတွေ အလုပ်ကို ပေါ့ပြက်ပြက်လုပ်သော အလုပ်သမား/ ဝန်ထမ်းတွေ လုပ်ပုံကိုင်ပုံစနစ်မကျသော တရားမျှတစိတ်မရှိသော အလုပ်ရှင် (သူဌေး) တွေကိုပါ စိတ်ပျက်စရာ အခြေအနေတွေအဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။

အထက်ပါစိတ်ပျက်စရာ အခြေအနေတွေကို လျော့ပါး ပျောက်ကွယ်လိုတယ်ဆိုရင်... လုပ်ငန်းတာဝန်နှင့် ပတ်သက်ပြီး ကျွန်ုပ်တို့က ပြောင်ကျကျ လုပ်ကိုင်ဆောင်ရွက်တတ်ဖို့ လိုပါတယ်။

သင်က ပြောင်ကျကျ လုပ်ကိုင်ဆောင်ရွက်တတ်သူဖြစ်မှသာ

mgyoe.com

mgyoe.com


လုပ်ငန်းဆိုင်ရာ အခြေအနေအရပ်ရပ်ကို ပြတ်သားစွာ စီမံဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

သင်က လုပ်ငန်းဆောင်ရွက်မှုတွေ လုပ်ရာမှာ ပြတ်ပြတ်သားသား နဲ့ ဖြောင့်ကျကျ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းကြောင့် ကောင်းသော ပတ်ဝန်းကျင်ကို ဖြစ်စေ၊ မကောင်းသော ပတ်ဝန်းကျင်ကို ဖြစ်စေ… အကောင်းဆုံးအနေအထား ထိရောက်အောင် လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။

သင်က ဖြောင့်ကျကျ လုပ်ကိုင်ဆောင်ရွက်ရာမှာ သင့်ဘက်က အမှားအတွက် အပြစ်ကို ဝန်ခံပြောဆိုရဲတာ၊ ကိုယ့်ကိုယ်ကိုယ် ပြစ်တင်တာတွေ လုပ်နိုင်သလို အခြားသူတစ်ဦးတစ်ယောက် အမှားတွေ ပြုမိပါကလည်း ပွင့်လင်းပြတ်သားစွာနဲ့ အပြစ်ကိုထောက်ပြပေးနိုင်သူ ဖြစ်လာပါလိမ့်မယ်။

ပြဿနာက ဘယ်လိုအနေအထားကို ရောက်နေသည်ဖြစ်စေ… သင့်ဘက်က အကောင်းဆုံးနဲ့ အထိရောက်ဆုံး ဖြေရှင်းနိုင်အောင် ပွင့်လင်းမြင်သာသော စီမံဆောင်ရွက်နိုင်မှုတွေ လိုအပ်မှာဖြစ်ပါတယ်။

**အရေးပါသော အချိုးအစားများ**

လုပ်ငန်းအဖွဲ့အစည်းတစ်ခုဟာ 'ထုတ်ကုန်' (သို့) တန်ဖိုးတစ်ခုခု ထုတ်လုပ်နိုင်ဖို့ အခြေခံကျသော အရင်းအမြစ်တွေနဲ့ စွမ်းဆောင်ရည်ရှိသော လူတစ်စုတို့ ပူးပေါင်းပြီး အလုပ်လုပ်ရလေ့ရှိပါတယ်။

သင့်အလုပ်ခွင်အတွင်းက ယဉ်ကျေးမှုအပြောင်းအလဲတွေကို အကျိုးသက်ရောက်စေဖို့ သင့်လုပ်ငန်းအဖွဲ့အစည်းရဲ့ လိုအပ်ချက်တွေကို အကောင်းဆုံးဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။

သင် အလုပ်လုပ်တယ်ဆိုတာဟာ သင့်ရဲ့ အကျိုးအမြတ်/ ရလဒ်

mgyoe.com

mgyoe.com



တိုးတက်ရေးတစ်ခုအတွက်သာမကဘဲ သင့်ရဲ့ စိတ်ဖိစီးမှုတွေအတွက်ပါ သင့်လျော်တဲ့ အချိုးကို တွက်ချက်နိုင်မှာ ဖြစ်ပါတယ်။

**သင်ထုတ်လုပ်သော အကျိုးရလဒ်**
**အရေးပါသော အချိုးအစား**

သင်ကြုံတွေ့ရသော စိတ်ဖိစီးမှု (သို့)
သင်ဖန်တီးသော စိတ်ဖိစီးမှုများ

**တိကျပြတ်သားစွာ ဆောင်ရွက်ပါ။**

သင်က အလုပ်ခွင်အတွင်း စိတ်ဖိစီးစရာကိစ္စတွေနဲ့ ကြုံရတတ်တာ မှန်သော်လည်း အမြဲတစေ အလုပ်ခွင်အတွင်း စိတ်ဖိစီးစရာတွေနဲ့ တွေ့ကြုံရမှာ မဟုတ်ပါဘူး။

ဒါကြောင့် သင်က ဘာလုပ်နေတယ်ဆိုတာနဲ့ ဘယ်လိုလုပ်မယ်ဆိုတာကို အာရုံစိုက်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

ဒါကြောင့် သင့် ဘဝတစ်သက်တာအတွင်း အောင်မြင်မှုတွေ ရယူချင်တယ်ဆိုရင် အရာရာတိကျပြတ်သားစွာ ဆောင်ရွက်တတ်ဖို့ လိုအပ်ပြီး သင် လက်ရှိလုပ်နေသော အလုပ်တိုင်းကိုလည်း အာရုံစိုက်ထားဖို့ လိုအပ်ပါတယ်။

သင် လုပ်ကိုင်ဆောင်ရွက်သော အလုပ်ကိစ္စတွေကို တိကျပြတ်သားစွာ ဖြောင်ကျကျပြောဆို လုပ်ကိုင်တတ်တယ်ဆိုရင်... သင့်အလုပ်ကိစ္စတိုင်းမှာ ပွင့်လင်းမြင်သာမှုတွေ ရှိနေမှာဖြစ်ပြီး သင့်အလုပ်ကိစ္စနှင့် ပတ်သက်သော ကောင်းသောအမှတ်လက္ခဏာတွေ ဖြစ်သည့် ရည်မှန်းချက်ထားရှိခြင်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းရှိခြင်း လုပ်ငန်းတိုးတက်အောင်မြင်မည့် အခြေအနေအကြောင်းအရာများကို ဖန်တီးပေးခြင်း၊

mgyoe.com

mgyoe.com



လုပ်ငန်းတိုးတက်အောင်မြင်စေမည့် အခြေခံအရင်းအမြစ်များကို ရယူစုဆောင်းနိုင်ခြင်း လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားတိုးတက်လာစေခြင်းဆိုသော ကိစ္စတွေမှာလည်း ကောင်းကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။

## စွမ်းဆောင်ရည်ကောင်းခြင်းနှင့် နှစ်လိုဖွယ်ကောင်းသော အကျိုးသက်ရောက်မှု

'ဝီလျံဒယ်နီယယ်' က စွမ်းဆောင်ရည်ကောင်းခြင်းနှင့် နှစ်လိုဖွယ်ကောင်းသော အကျိုးသက်ရောက်မှုအတွက် အဓိကအရေးပါသော ဆောင်ရွက်ချက်သုံးမျိုးကို အောက်ပါအတိုင်း ဖော်ပြခဲ့ပါတယ်။

၁။ ရှင်းလင်းထင်ရှားသော ရည်မှန်းချက်များနှင့် ဦးတည်ချက်များကို ချမှတ်ခြင်း

၂။ မရှိမဖြစ် အရေးပါသောအရင်းအမြစ်များအား ထိန်းချုပ်ထားခြင်း

၃။ အားကိုးအားထားပြုနိုင်သော တုံ့ပြန်ချက်များ ရရှိအောင် အလျင်အမြန် ဆောင်ရွက်ခြင်း

'ဂိရာရီရမ်မလာ' နှင့် 'အလန်ဘရာချီ' ဆိုသူတို့ကတော့ စွမ်းဆောင်ရည်မြင့်မားမှုအတွက် ထောက်ပံ့ပေးနိုင်သော စွမ်းဆောင်ချက်ခြောက်မျိုးအား အောက်ပါအတိုင်း ဖော်ပြပေးခဲ့ပါတယ်။

၁။ စွမ်းဆောင်ချက်တစ်ခုချင်းအလိုက် ရှင်းလင်းထင်ရှားအောင် အသေးစိတ် ကန့်သတ်ဖော်ပြပေးခြင်း (ဥပမာ – လုပ်ထုံးလုပ်နည်းနှင့် သက်ဆိုင်သော စွမ်းဆောင်ရည် အကျိုးရလဒ်ရရှိခြင်းအတွက် စွမ်းဆောင်ရည် စံချိန်စံညွှန်းကိုက်ညီမှု ရှိစေသော စွမ်းဆောင်ရည်) တို့အား အသေးစိတ်ဖော်ပြပေးခြင်း

၂။ မရှိမဖြစ်လိုအပ်သော စွမ်းဆောင်ရည်အတွက် လိုအပ်သလို ကူညီထောက်ပံ့ပေးခြင်း၊ (ဥပမာ အခြေခံကျသော အရင်းအမြစ်

mgyoe.com

mgyoe.com



များ ထောက်ပံ့ပေးခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ရသော ကိစ္စများကို သတ်မှတ်ပေးခြင်း၊ လိုအပ်သော ပြဇာရိုနိဝါနှင့် လုပ်ပိုင်ခွင့်အာဏာရှိခြင်း၊ အချိန်ပေးဆောင်ရွက်ခြင်း၊ အားပေး တိုက်တွန်းခြင်း)

၃။ ရှင်းလင်းထင်ရှားသော နောက်ဆက်တွဲ အကျိုးသက်ရောက်မှု များရှိစေခြင်း (ဥပမာအနေနဲ့ တိုက်တွန်းလှုံ့ဆော်ခြင်း စေ့ဆော် အားပေးခြင်း၊ မက်လုံးပေးဆောင်ရွက်ခြင်း၊ ထူးချွန်သူအား ဆု ချီးမြှင့်ခြင်း)

၄။ ချက်ချင်း လက်ငင်းတုံ့ပြန်ဆောင်ရွက်ရမည့် ကိစ္စများ (ဥပမာ အနေနဲ့ စွမ်းဆောင်ရည်နှင့် လိုက်ဖက်သော မျှော်လင့်ချက်နှင့် အကျိုးသက်ရောက်မှုများ ရရှိစေခြင်း)

၅။ မရှိမဖြစ် လိုအပ်သော ကျွမ်းကျင်မှုများနှင့် အသိဉာဏ်ပညာ ဗဟုသုတများရှိထားစေခြင်း (ဥပမာ လေ့ကျင့်ခြင်းနှင့် လေ့လာ သင်ယူခြင်းတွေက တစ်ဆင့် စွမ်းဆောင်ရည်အားကောင်းအောင် ကြိုးစားခြင်း)

၆။ တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကောင်းတွေကို အကျိုးရှိရှိ အသုံးချနိုင်ခြင်း (ဥပမာအနေနဲ့ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ စိတ်ခံစားမှုဆိုင်ရာ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံတို့အား အကျိုးရှိရှိအသုံးချနိုင်ခြင်း)

'ကလာ့ဝိဆန်' ဆိုသူကတော့ အောင်မြင်မှုရတဲ့ မန်နေဂျာတွေ အသုံးပြုတဲ့ စွမ်းဆောင်မှု ပုံစံ ခြောက်မျိုးကို အောက်ပါအတိုင်း ဖော်ပြခဲ့ ပါတယ်။

၁။ ရည်မှန်းချက် ချမှတ်ဆောင်ရွက်ခြင်း

၂။ လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း

mgyoe.com

mgyoe.com



၃။ အရေးယူဆောင်ရွက်ချက်များ တိကျပြတ်သားခြင်း
၄။ တုံ့ပြန်မှုကောင်းများရရှိအောင် ကြိုးစားခြင်း
၅။ လိုအပ်သလို ချိန်ညှိခြင်း
၆။ လိုအပ်သလို ထောက်ပံ့ပေးခြင်း

'ကင်မ်' နှင့် 'ရှယ်လ်ဒန်' တို့ကတော့ လုပ်ငန်းအဖွဲ့အစည်း တစ်ခုအတွင်းမှာရှိတဲ့ သူတွေအားလုံး တိုးတက်အောင်မြင်မှုရရှိစေဖို့ အောက်ပါဆောင်ရွက်ချက်သုံးမျိုးကို တိုက်တွန်းခဲ့ပါတယ်။

၁။ ရှင်းလင်းထင်ရှားပြီး အဓိပ္ပာယ်ရှိသော ရည်မှန်းချက်များ သတ်မှတ်ခြင်း
၂။ တိုးတက်အောင်မြင်မှုအတွက် လိုအပ်သော အရင်းအမြစ်များကို အသုံးချခြင်း
၃။ တိုးတက်အောင်မြင်မှု ရရှိဖို့အတွက် ထောက်ပံ့မှုများ ပြုလုပ်ပေးခြင်း

**လုပ်ငန်းတာဝန်နှင့်ပတ်သက်ပြီး**
**ပြောင်ကျကျ (ပွင့်လင်းစွာ) ပြောဆိုလုပ်ကိုင်ဆောင်ရွက်ခြင်း**

**၁။ သင့်ဘဝရည်မှန်းချက်/ သင့်လုပ်ငန်းရည်မှန်းချက်နှင့် ပတ်သက်ပြီး ပြောင်ကျကျ ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုပေးပါ။**

သင်က ဘာတွေလုပ်ဖို့ ကြိုးစားနေတာလဲ။

အထက်ပါမေးခွန်းကို တိကျစွာ ပြန်လည်ဖြေဆိုနိုင်ဖို့နဲ့ အဓိပ္ပာယ်ရှိသော အဖြေပေးနိုင်စေဖို့ အခက်အခဲရှိနေတတ်ပါတယ်။

အကယ်၍ သင်က ကွန်ပျူတာရှိတဲ့ စားပွဲမှာ ထိုင်နေမယ်ဆိုရင် ဝင်ရောက်လာတဲ့ အီးမေးလ်တွေကို စစ်ဆေးပြီးတာနဲ့ သင်က အကြောင်းပြန်ရမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com



အကယ်၍ သင်က ရုံးပိုင်းဆိုင်ရာ ကိစ္စကြောင့် အစည်းအဝေး တက်ရောက်ရမယ်ဆိုရင် ဆွေးနွေးစရာရှိသော ကိစ္စ/ တင်ပြအသိပေး စရာရှိသော ကိစ္စတွေအတွက် အစည်းအဝေးတက်ရောက်ဖြစ်မှာ ဖြစ် ပါတယ်။

အကယ်၍ သင်က နေ့ပိုင်းမှာ အချိန်ရတယ်။ အလုပ်တွေ စောစီး စွာ ပြီးစီးအောင် လက်စသတ်နိုင်တယ်ဆိုရင် သင် နောက်တစ်နေ့ လုပ် ဆောင်ရမယ့်ကိစ္စတွေအတွက် အသင့်ရေးထားသောစာရင်း (ဆောင် ရွက်ရန် ကိစ္စစာရင်း) ကို လှန်လှောဖတ်ရှုဖြစ်ပါလိမ့်မယ်။

သင်က ဘာတွေလုပ်ဖို့ ကြိုးစားနေတာလဲ… ဆိုတဲ့ မေးခွန်း အတွက် အထက်ပါ ခိုင်လုံတိကျသော ဆောင်ရွက်မှုတွေက သင့်ရဲ့ ရိုးသားပြီး တိကျတဲ့ အဖြေတွေ ဖြစ်လာပါလိမ့်မယ်။

သို့သော်လည်း သင် ရိုးသားစွာဖြေဆိုတဲ့ အချက်တွေကို လေ့လာ တဲ့အခါ… သင့်အလုပ်ကိစ္စတွေနဲ့ ပတ်သက်ပြီး ဘယ်လိုရည်ရွယ်ချက် ထား ဆောင်ရွက်မယ်ဆိုတဲ့အချက်တွေတော့ မပါဝင်တာ တွေ့ရပါ တယ်။

ဒါကြောင့် သင့်ဘက်က သင့်ရည်မှန်းချက်နဲ့ပတ်သက်ပြီး ပွင့် လင်းစွာ ဖြောင့်ကျကျ ပြောဆိုမှုတွေ/ တိကျသော အဖြေတွေ ပေးနိုင် ဖို့ လိုအပ်ပါတယ်။

ကျွန်ုပ်တို့ အများစုအနေနဲ့ ကိစ္စရပ်အတော်များများမှာ တစ်ခါ တစ်ရံ အယူအဆလွဲမှားမှုတွေ ရှိနေတတ်ပါတယ်။ အကြောင်းကတော့ ကျွန်ုပ်တို့ရဲ့ စွမ်းဆောင်ချက်တွေဟာ ကိုယ့်ကိုယ်ကိုယ် သက်သေပြရန် မလိုအပ်သော ပကတိအတိုင်း ရှင်းနေသော အခြေအနေတွေသာဖြစ် တယ်လို့ ယူဆ ထင်မြင်မိတာကြောင့် ဖြစ်ပါတယ်။

ပြည်သူပိုင် စီးပွားရေးကဏ္ဍတွေမှာ ကျွမ်းကျင်လိမ္မာသော

mgyoe.com

mgyoe.com



အောင်မြင်မှုရနေသော ခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ 'ပီတာ' ကို ပညာရေးဌာန ကိုယ်စားလှယ်တော်တစ်ဦးအဖြစ် ပြည်နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးခန့်အပ်ခဲ့ပါတယ်။

ဒီအခါ ပီတာက ပြည်နယ်အုပ်ချုပ်ရေးမှူးခန့်အပ်တဲ့ ပညာရေး ကိုယ်စားလှယ်အဖြစ် တာဝန်ယူရင်းသူ တာဝန်ယူတဲ့အလုပ်ကို တိုးတက်အောင်မြင်ရစေမယ်လို့ ကြွေးကြော်ခဲ့ပါတယ်။

သင်က ဘာတွေ လုပ်ဆောင်နိုင်တယ်။ ဘယ်အဆင့်အထိ တတ်နိုင်စွမ်းတယ် ဆိုတာကို သေချာစွာ ဗြောင်ကျကျ ထုတ်ဖော်ပြောဆိုပေးပြီးပြီဆိုရင်တော့ လက်တွေ့အောင်မြင်မှုတွေရရှိအောင်... အမှန်တကယ်ကြိုးစားနိုင်ပြီ ဖြစ်ပါတယ်။

Figure 2.1 မှာ ဖော်ပြချက်အရ... အဖွဲ့အစည်းတစ်ခုအတွင်း ရာထူးတာဝန်အမျိုးမျိုးအလိုက် လုပ်ငန်းတာဝန်တွေ အမျိုးမျိုး ထမ်းဆောင်တာဝန်ခံရပုံကို ဖော်ပြထားတာ တွေ့ရပါမယ်။

ရာထူးအဆင့်လိုက် ဆောင်ရွက်ရမယ့်တာဝန်များ စာရင်းထဲမှာလည်း ကွဲပြားခြားနားမှုတွေကို အမျိုးမျိုးတွေ့ရမှာ ဖြစ်ပါတယ်။

ဥပမာအနေနဲ့ မန်နေဂျာတွေဟာ လက်အောက်ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်နဲ့ အားထုတ်ကြိုးစားမှုတွေကို အကျိုးရှိရှိကောင်းမွန်စွာ အသုံးချပြီး မန်နေဂျာက ၎င်းရဲ့ အထက်အရာရှိ အမှုဆောင်ဒါရိုက်တာတွေနဲ့ အမှုဆောင်အရာရှိချုပ်ရဲ့ ကိုယ်စားလုပ်ငန်းအတော်များများကို ဦးစီးလုပ်ကိုင် တာဝန်ခံပေးရတတ်ပါတယ်။

လုပ်ငန်းအဖွဲ့အစည်းအတွင်း ရာထူးအဆင့်နဲ့ တာဝန်တွေ ဘယ်လောက်ပဲ ကွဲပြားခြားနားနေသော်လည်း ရာထူးအဆင့်အလိုက် ခွဲဝေလုပ်ဆောင်သော အလုပ်အားလုံးက လုပ်ငန်းအောင်မြင်တိုးတက်ရေးဆိုတဲ့ ရည်ရွယ်ချက်ချင်းတူညီစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြ

mgyoe.com

mgyoe.com



ခြင်းသာ ဖြစ်ပါတယ်။

လုပ်ငန်းအဖွဲ့အစည်းတစ်ခု၏ အမျိုးမျိုးသော ရာထူးအဆင့်တွေအလိုက်
ခွဲဝေတာဝန်ထမ်းဆောင်မှုနဲ့ အကျိုးရလဒ်ရရှိမှု စာရင်းအနှစ်ချုပ် (နမူနာ)

- ကျွန်တော်ဟာ ထုတ်ကုန်ပစ္စည်းအရည်အသွေး မြှင့်တင်ရေးအတွက် အဖွဲ့ဝင် ၁၀ ဦးပါဝင်သော စက်ရုံဝန်ထမ်းထိန်းချုပ်ရေးအဖွဲ့ကို ဦးစီးရတဲ့ ခေါင်းဆောင်ဖြစ်ပါတယ်။ ဖောက်သည်တွေရဲ့ အားကိုး အားထားပြုနိုင်တဲ့ ထုတ်ကုန်တွေ ထွက်ရှိစေဖို့ ကျွန်တော်က တာဝန်ယူရတာပေါ့။
- ကျွန်တော့် အဖွဲ့ဝင် ၁၀ ဦးထဲက နှစ်ဦးဟာ ယခုနှစ်အတွက် အနည်းဆုံးထုတ်ကုန်ပစ္စည်း ၁၂% ကို အရည်အသွေးမြှင့်တင်ဖို့ အစီအစဉ် ရေးဆွဲထားပါတယ်။
- ကျွန်တော်တို့အဖွဲ့က ပုံမှန်အလုပ်လုပ်ချိန် ထက်ဝက်လောက်ကို ထုတ်ကုန်ပစ္စည်းတွေအပေါ် ပြန်လည်စစ်ဆေးသုံးသပ်ခြင်း လိုအပ်သော အရည်အသွေးကောင်းတွေရရှိအောင် အပြောင်းအလဲလုပ်ခြင်းတွေအတွက် အသုံးချခဲ့ပါတယ်။

mgyoe.com

mgyoe.com



○ ကျန်ရှိတဲ့ အလုပ်ချိန်တစ်ဝက်လောက်ကိုတော့ အောက်ပါကိစ္စရပ်သုံးခုအတွက် အသုံးချခဲ့ပါတယ်။

၁။ စက်ရုံလုပ်သားအသစ်တွေကို သူတို့အား ငှားရမ်းသုံးစွဲသောကာလ ရက်ပေါင်း ၉၀ အတွင်း စက်ရုံနှင့် ပတ်သက်သော အခြေခံကျသည့် လေ့ကျင့်မှုများ ထောက်ပံ့ပေးနိုင်ခြင်း

၂။ အရည်အသွေးကို ထိန်းသိမ်းခြင်း လိုအပ်ချက်များ ဖြည့်ဆည်းခြင်း

၃။ စက်ရုံမှထုတ်လုပ်ပြီးချင်း ပစ္စည်းနှင့် ပတ်သက်သော ပြဿနာများရှိပါက ၄ နာရီအတွင်း ပြီးပြတ်အောင် ဖြေရှင်းပေးခြင်း ရေရှည်ကာလ အရည်အသွေး ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်း

စက်ရုံထုတ်ပစ္စည်းအရည်အသွေး မြှင့်တင်ရေး တာဝန်ခံမန်နေဂျာ

- မန်နေဂျာ
  - ထုတ်ကုန်အရည်အသွေးထိန်းချုပ်မှုအဖွဲ့
  - ထုတ်ကုန်အရည်အသွေးထိန်းချုပ်မှုအဖွဲ့
- မန်နေဂျာ
  - ထုတ်ကုန်အရည်အသွေးထိန်းချုပ်မှုအဖွဲ့
  - ထုတ်ကုန်အရည်အသွေးထိန်းချုပ်မှုအဖွဲ့
- မန်နေဂျာ
  - ထုတ်ကုန်အရည်အသွေးထိန်းချုပ်မှုအဖွဲ့
  - ထုတ်ကုန်အရည်အသွေးထိန်းချုပ်မှုအဖွဲ့

○ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကတော့ အရည်အသွေးမြှင့်တင်ရေးဆိုတဲ့ ပရောဂျက် အောင်မြင်စွာ အကောင်အထည်ဖော်ရေးပဲဖြစ်ပါတယ်။ ဒုတိယအရေးတကြီး ဆောင်ရွက်ရမယ့်ကိစ္စ

mgyoe.com

mgyoe.com


ကတော့ ထုတ်လုပ်သော ကုန်ပစ္စည်းတွေကို ဈေးကွက်အတွင်း လျင်မြန်စွာ ဖြန့်ဖြူးနိုင်ဖို့ပါ။ ထိုလုပ်ငန်းတွေအတွက် ကျွန်တော်က အချိန်ကို အဓိက သုံးစွဲပါတယ်။ ကျွန်တော့်ရဲ့ စွမ်းဆောင်ချက်တွေကို ရာခိုင်နှုန်းအားဖြင့် အောက်ပါအတိုင်း ခွဲခြားဖော်ပြပေးနိုင်ပါတယ်။

- ကျွန်တော့်ရဲ့ အချိန် ၅% ကို ဖောက်သည်တွေရဲ့ အော်ဒါ (အမှာ) တွေအပေါ် ပြန်လည်သုံးသပ်စိစစ်ခြင်းနဲ့ အော်ဒါ အပြောင်းအလဲတွေအပေါ် ၄ နာရီအတွင်း အချိန်မီပြင်ဆင်ခြင်းတွေအတွက် အသုံးပြုလေ့ရှိပါတယ်။
- ကျွန်တော့်ရဲ့ ၅၀% သော အချိန်တွေကို ထုတ်ကုန်ပစ္စည်းအဖြစ် အနာအဆာကင်းစင်ရေးအတွက် ရည်မှန်းချက်ထားရှိပြီး သေချာစွာ အသုံးချလေ့ရှိပါတယ်။
- ကျွန်တော့်ရဲ့ အချိန် ၂၅% ကို ဖြန့်ဖြူးရေးလုပ်ရမယ့် ထုတ်ကုန်ပစ္စည်းတွေ ဈေးကွက်အတွင်း အချိန်မီရောက်ရှိဖို့၊ ကားတင်ကုန်ပစ္စည်းတွေ ဆိုင်အသီးသီးဆီသို့ အချိန်မီရောက်ရှိဖို့ မောင်းနှင်ပို့ဆောင်ရာမှာ အဓိကအသုံးချလေ့ရှိပါတယ်။
- ကျွန်တော့် အချိန် ၁၀% ကို လုပ်ငန်းအစီအစဉ်ဆိုင်ရာ ပြဿနာတွေ အရည်အသွေးဆိုင်ရာ ပြဿနာတွေအတွက် အဓိကထားအသုံးပြုခဲ့ပါတယ်။
- ကျွန်တော့် အချိန်နောက်ထပ် ၁၀% ကိုတော့ ထုတ်ကုန် ပစ္စည်းတွေကို ကားပေါ်တင်ပြီး ဆိုင်အသီးသီးသို့ ဖြန့်ဝေရုံမက နောက်ထပ် ပရောဂျက်သစ်တွေအတွက်ပါ အသုံးချပေးခဲ့ပါတယ်။

mgyoe.com

mgyoe.com


သင့် ရည်ရွယ်ချက်တွေနဲ့ ပတ်သက်ပြီး ပြောင်ကျကျ ပြောဆိုပြုမူဆောင်ရွက်ပါ။ သင့် ရည်ရွယ်ချက်တွေကို အမှန်တကယ် အကောင်အထည်ဖော်နိုင်ဖို့ လက်ခံယူဆချက်တွေ ထင်မြင်သုံးသပ်ချက်တွေနဲ့ ချည်း အချိန်ကုန်မခံဘဲ သင့်အလုပ်ခွင်အတွင်း ရည်ရွယ်ချက် အကောင်အထည်ဖော်နိုင်မယ့် လုပ်ငန်းတွေကို ထဲထဲဝင်ဝင် လေ့လာနိုင်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့် သင့် အလုပ်ခွင်အတွင်း ရည်ရွယ်ချက်တွေကို တိုတောင်းစွာ ချရေးပါ။ ထို့နောက် ရရှိလာမယ့် အကျိုးရလဒ်ငါးခုမှ ခုနစ်ခုကို အတိုချုပ်ချရေးပါ။

သင် ရေးဆွဲသောစာရင်းတွေက အခြေအနေအချိန်အခါနဲ့ ကိုက်ညီစွာ ညှိနှိုင်းဖို့လိုအပ်ပါက မကြာခဏအပြောင်းအလဲရှိတာကို သတိပြုပါ။

## ၂။ သင့်အတွက် ထိရိုက်မှုတွေနဲ့ပတ်သက်ပြီး ပွင့်လင်းစွာ (ပြောင်ကျကျ) ထုတ်ဖော်ပြောဆို တုံ့ပြန်ပါ

သင့်အလုပ်ခွင်ရဲ့ နောက်ကွယ်မှာ မကောင်းသော အကျိုးသက်ရောက်ရှိစေတဲ့ ရည်ရွယ်ချက်တွေ ကိန်းဝပ်နေတတ်တာကို သတိပြုပါ။

IT နည်းပညာ ကုမ္ပဏီတစ်ခုရဲ့ ပညာရှင် 'ဘရမ်ဒါ' ဟာ သူမရဲ့ အချိန်အတော်များများကို သူမ အလုပ်လုပ်နေသော ကုမ္ပဏီရဲ့ အရောင်းဌာနအတွက် ပံ့ပိုးမှုတွေလုပ်ရာမှာ အသုံးချနိုင်ခဲ့ပါတယ်။

သူမဟာ ဖောက်သည်တွေနဲ့ ပတ်သက်သော သတင်းအချက်အလက်တွေ ဖောက်သည်တွေနဲ့ အဆက်အသွယ်တွေကို ခြေရာခံစုံစမ်းပြီး ကုမ္ပဏီရဲ့ အလားအလာအတွက် ဘာတွေလုပ်ရမယ်ဆိုတာကို ကြိုတင်တွက်ချက်ပေးခဲ့သူလည်း ဖြစ်ပါတယ်။

'ဘရမ်ဒါ' က ကုမ္ပဏီရဲ့ လွန်ခဲ့သော ခြောက်လက အရောင်း

mgyoe.com

mgyoe.com


စာရင်းတွေကို သေချာစွာ စစ်ဆေးလိုက်တယ်။

သူမရဲ့ 'စူပါဘိုက်ဆာ' က သူမထံ အီးမေးလ်တစ်စောင်ပေးပို့ပြီး ရောင်းအား အခုလိုလျော့ကျရခြင်းရဲ့ အခြေခံအကြောင်းတရားက ဘာလဲလို့ မေးခွန်းထုတ်ခဲ့ပါတယ်။

အစပထမတော့ သူမက တိကျစွာပြန်ဖြေဖို့ အခက်အခဲရှိခဲ့သော်လည်း နောက်ပိုင်းမှာတော့ ပြဿနာရဲ့ အခြေခံအကြောင်းအရင်းကို နားလည်သွားခဲ့တယ်။

အဓိကပြဿနာကတော့ ဖောက်သည်တွေနဲ့ အနီးကပ်ဆက်ဆံတဲ့ အရောင်းဝန်ထမ်းတွေကြောင့် ဖြစ်တယ်ဆိုတာကို နားလည်လိုက်တယ်။

ဒါကြောင့် သူမက အရောင်းဝန်ထမ်းတွေနဲ့ တွေ့ဆုံပြီး ဖောက်သည်တွေရဲ့ စိတ်ကြိုက် ဝန်ဆောင်မှုတွေလုပ်ပေးဖို့ သတိပေးလိုက်တယ်။

ဘရမ်ဒါတို့ရဲ့ နည်းပညာကုမ္ပဏီက ရောင်းချတဲ့ ဆော့ဖ်ဝဲတွေထဲမှာ တချို့ဟာ နောင်တစ်ချိန် ပြဿနာဖြစ်လာနိုင်စေတဲ့ အခြေအနေရှိတာကို သူမက သိထားခဲ့ပါတယ်။

ဒါကြောင့် ထုတ်ကုန်ပိုင်းမှာလည်း အားနည်းချက် နည်းနိုင်သလောက် နည်းပါးပြီး အားသာချက်တွေများနေအောင် ကြိုးစားရမယ်ဆိုတာကို သေချာစွာ နားလည်ခဲ့ပါတယ်။

ဒါကြောင့် ဘရမ်ဒါက သူမ တာဝန်ယူတဲ့ ဆော့ဖ်ဝဲလ်နဲ့ ပတ်သက်ပြီး ထုတ်ကုန်ပိုင်းမှာ ရှိလာနိုင်တဲ့ ပြဿနာတွေအကြောင်း ပွင့်လင်းစွာ ထုတ်ဖော်အသိပေး ပြောဆိုတယ်ပြီးတော့ ပြုပြင်စရာရှိတာတွေ အကုန်လုံးကို ပြုပြင်သွားခဲ့တယ်။

ကုမ္ပဏီတစ်ခု ကြုံတွေ့ရင်ဆိုင်ရတဲ့ ပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်ဖို့အတွက် အခြားကုမ္ပဏီတွေက သူတို့ ကြုံတွေ့ရတဲ့ ပြဿနာတွေအပေါ် ဘယ်လိုထိရောက်စွာ ဖြေရှင်းတယ်ဆိုတာကို နမူနာယူပြီး

mgyoe.com

mgyoe.com


လက်တွေ့ကျင့်သုံးရမှာ ဖြစ်ပါတယ်။

အရေးကြီးတဲ့ အချက်ကတော့ မိမိတို့ အားနည်းချက်ကို အမှန်အတိုင်း ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုရဲပြီး ရဲဝံ့စွာပြုပြင်နိုင်ရေးပဲ ဖြစ်ပါတယ်။

**၃။ သင်၏မက်လုံးများနှင့် ပတ်သက်ပြီး ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုပေးပါ။**

'တန်ယာ' ဟာ ဘဏ္ဍာရေးဌာနမှာ အလုပ်လုပ်သူဖြစ်ပြီး ဒေါ်လာငွေသိန်းသန်းများစွာဖြင့် ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ မူဝါဒများကို ကိုင်တွယ်ဆောင်ရွက်ရသူလည်း ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတိုင်းမှာ သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် မက်လုံးတွေရှိနေပြီး ဖြစ်ပါတယ်။

'တန်ယာ' ဟာ အပတ်စဉ် အားလပ်ရက်တိုင်းလိုလို ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီရဲ့ ဘဏ္ဍာရေးဌာနမှာ အချိန်ပိုင်း အလုပ်လုပ်သူတစ်ယောက် ဖြစ်ပါတယ်။ သူမက တစ်ခါတစ်ရံ အလုပ်လုပ်ချိန် တစ်နာရီမျှသာရှိတတ်ပြီး သူမ လက်ရှိလုပ်နေသော ကုမ္ပဏီထက် အကျိုးရလဒ်သာလွန်တဲ့ ကုမ္ပဏီတစ်ခုခုမှာ ဆက်လက် ဝင်ရောက်လုပ်ကိုင်ဖို့ ကြိုးစားခဲ့ပါတယ်။

'တန်ယာ' က နောက်ထပ် ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်တော့မယ်ဆိုတာနဲ့ သူမ ကြုံရတဲ့အင်တာဗျူးတွေမှာ သူမအတွက် မက်လုံးဘယ်လောက်ရှိတယ်ဆိုတယ်ကို သေချာပွင့်လင်းစွာ မေးမြန်းတောင်းဆိုတတ်ပြီး ကုမ္ပဏီအတွက် သူမ လုပ်ဆောင်ပေးရမယ့် စွမ်းဆောင်ချက်တွေက ဘယ်လောက်ထိ လိုအပ်သေးတယ်။ သူမ ဘာတွေ ပြုပြင်ရမယ်

mgyoe.com

mgyoe.com


ဆိုတာကိုပါ ကိုယ့်ကိုယ်ကိုယ် စိစစ်လေ့လာတတ်သူ ဖြစ်ပါတယ်။

ထူးထူးခြားခြား အောင်မြင်လိုတဲ့သူတွေဟာ... သူတို့ရဲ့ လိုအပ်ချက်တွေကို အကောင်းဆုံးဖြည့်စွမ်းပေးပြီး သူတို့ အရည်အသွေး အရည်အချင်းနဲ့ သင့်လျော်ကိုက်ညီသော အကျိုးခံစားခွင့်ပေးနိုင်တဲ့ ကုမ္ပဏီတွေဆီမှာသာ အလုပ်လုပ်ပေးတတ်ကြပါတယ်။ ဒီလိုလူမျိုးတွေဟာ သူတို့ရဲ့ သဘောထားအမှန်ကို ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုရဲတာကြောင့် ထိုက်တန်တဲ့ အကျိုးရလဒ်တွေရရှိတာ ဖြစ်ပါတယ်။

သင့်မက်လုံးတွေနဲ့ ပတ်သက်ပြီး ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုရာမှာ သင်ရရှိခံစားခွင့်ရမယ့် လစာငွေ သင့် ဘဝတိုးတက်မှုတွေ ဖြစ်စေသော အသိဉာဏ်ပညာ ဗဟုသုတရရှိစေမယ့် အခြေအနေတွေကို စုံစေ့စွာသိအောင် မေးမြန်းစုံစမ်းရမှာ ဖြစ်ပါတယ်။

သင့် ဘဝတိုးတက်ရေးအတွက် အခွင့်အရေးကောင်းတွေကို ဘက်ပေါင်းစုံမှရှာဖွေရာမှာ သင့် စွမ်းဆောင်ရည်နဲ့ ကိုက်ညီလိုက်ဖက်သော အခြေအနေ အခွင့်ကောင်းတွေကိုသာ ဦးစားပေးဆောင်ရွက်ဖို့ လိုပါတယ်။

## ၄။ သင့်ရဲ့တိုးတက်မှုအတွက် ပွင့်လင်းစွာ ထုတ်ဖော်ပြောဆို ဆောင်ရွက်ပေးပါ။

သင့်တိုးတက်မှုတွေအတွက် ပွင့်လင်းစွာထုတ်ဖော်ပြောဆို ဆောင်ရွက်လိုတယ်ဆိုရင် သင် ပြီးပြတ်အောင်ဆောင်ရွက်ခဲ့သော ကိစ္စတွေမှာ သင့်ဘက်က ဘယ်လောက်အထိ တိုးတက်အောင်မြင်အောင် လုပ်နိုင်ခဲ့တယ်... ဆိုတဲ့ အချက်တွေအပေါ် ပြန်လည် စဉ်းစားသုံးသပ်ပေးပါ။

ထို့နောက် အလုပ်လုပ်ရမယ့်ရက်တွေမှာ အလုပ်ချိန်မှာ ၅ နာရီမှ ၇ နာရီအတွင်း ဘာတွေ လုပ်ရမယ်ဆိုတာကို သေချာစွာ စဉ်းစားပေးပါ။

mgyoe.com